# အရဟန္တာ ိသောဒခံနို

ခေါ်

# ရဟန္တာဝစ်တမ်း

လယ်တီ ကေလာသ

သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ

ပြုစုစီစဉ်သည်။

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ကောဇာ ၁၃၄၂ သာသနာ ၂၅၂၄

၁၅၁၈၅

# အရဟန္တ ဝိသောဓနီ
## ခေါ်
# ရဟန္တာစစ်တမ်း


လယ်တီ-ကေလာသ

သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ

ပြုစုစီစဉ်သည်။



သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ကောဇာ ၁၃၄၂ သာသနာ ၂၅၂၄

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်—၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းကထာ .... .... | က |
| ၂။ | ခုခေတ်ပေါ်လာ ပုဏ္ဏသုံးရပ် .. | ၁ |
| ၃။ | ရဟန္တာဖြစ် မဖြစ် ယခုခေတ် .... | ၉ |
| ၄။ | လယ်တီမဟော် မိန့်ခွန်းတော် .... | ၁၂ |
| ၅။ | မဂ်မရပဲကို ရသည်ဆို .... | ၁၅ |
| ၆။ | ခိုးသူငါးမျိုး ဥဒါန်းထိုး .... | ၁၉ |
| ၇။ | ရန်းထင်ကာ ပြောသူမှာ.... .... | ၂၁ |
| ၈။ | အဓိမာန ရကြသည်ဆို ဘယ်ပုဂ္ဂိုလ် .... | ၂၂ |
| ၉။ | အဓိမာန ဖြစ်ကြသောသူ .... .... | ၂၄ |
| ၁၀။ | ဟုတ်တိုင်းမှန်စွာ ပြောဆိုရာ .... | ၂၅ |
| ၁၁။ | အရိယာပုဂ္ဂိုလ် မပြောဆို.... .... | ၂၇ |
| ၁၂။ | ပြောသင့်သောခါ ပြောသည်သာ .... | ၂၉ |
| ၁၃။ | ထိုမှတပါး ပြောကြားနိုင်ရာ ခွင့်အခ | ၃၀ |
| ၁၄။ | ရဟန္တာ မဟုတ်သူကို ရဟန္တာဟုဆို.... | ၃၁ |

မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | လာဘ်ကိုမျှော်ကာ မပြောရာ | .... | ၃၅ |
| ၁၆။ | ဒုဿီလကို ရဟန္တာဟုဆို .... | .... | ၃၈ |
| ၁၇။ | ထိုအပြစ်ကို ပျောက်စေလိုသော် | .... | ၄၆ |
| ၁၈။ | ရဟန္တာဖြစ် မဖြစ် စိစစ်ရန် | .... | ၅၀ |
| ၁၉။ | စစ်နည်းခြောက်ဖြာ အဋ္ဌကထာ | .... | ၆၆ |
| ၂၀။ | ကျမ်းအဋ္ဌကထာ တနည်းလာ | .... | ၇၃ |
| ၂၁။ | ကြောက်ဖွယ်အာရုံ စမ်းသပ်ပုံ | .... | ၇၄ |
| ၂၂။ | ကြောက်စိတ်ဝင်လျှင် ပုထုဇဉ် | .... | ၇၅ |
| ၂၃။ | သာမကေတဖြာ မှတ်ဖွယ်ရာ .... | .... | ၇၆ |
| ၂၄။ | သာယာဖွယ်နှင့် စုံစမ်းသင့် | .... | ၈၀ |
| ၂၅။ | မှတ်ဖွယ်တာဝ သာမကေ .... | .... | ၈၂ |
| ၂၆။ | ရဟန္တာပုဂ္ဂိုလ် ဟောဒီလို | .... | ၈၅ |
| ၂၇။ | တွေ့ထိသောခါ မသာယာ | .... | ၈၆ |
| ၂၈။ | ပုဂ္ဂိုလ်အနာဂါ မသာယာ.... | .... | ၈၇ |
| ၂၉။ | ရှစ်ပါးလောကဓမ် တွေ့ကြုံပြန်သော်.... | | ၈၉ |
| ၃၀။ | နိဂမနကထာ .... | .... .... | ၉၃ |


**မာတိကာ ပြီး၏။**

# အကြောင်းပြ နိဒါန်း

နှင့်

# ဥပဒေသျှာဇာနံ ကထာ

ဤ( အရဟန္တဝိသောဓနီ )ခေါ် ( ရဟန္တာစစ်တမ်း ) ကို အဘယ့်ကြောင့် ရေးသားထုတ်ဝေရပါသနည်း·ဟူသော အမေးပုစ္ဆာ ထွက်ပေါ်လာစရာအကြောင်း ရှိပေ၏။ ထို အမေးပုစ္ဆာ ထွက်ပေါ်မလာမီ ကာလကပင် အဖြေဝိသဇ္ဇ·နာ ဤအကြောင်းပြ နိဒါန်းကထာ စကားကို ရှေးဦးစွာ ရေးသားခြင်း ပြုလိုက်ပေဦးအံ့။

ဤသာသနာ (၂၅၀၀) ကျော် အချိန်ကျခဲ့ပြီးသည့် နောက်တွင် "အစစ်တခု အတုတထောင်" ဟူသော စကား ကဲ့သို့ ဟိုအရပ် ဒီအရပ် ဟိုမြို့ ဒီမြို့တို့တွင် ကိုယ်တိုင်ဝန်ခံ ချက် တိုက်ရိုက်ဖြင့်ရင်း၊ သွယ်ဝိုက်သော ဝန်ခံချက်ဖြင့် ရင်း၊ ရဟန္တာပေါင်းများစွာ ပေါ်ပေါက်ကာ လာခဲ့ကြပေ သည်။ ရဟန္တာ အမည်ခံ ပုဂ္ဂိုလ်အချို့တို့သည်ကား ယုံကြည်နိုင်လောက်သော ဣန္ဒြိယ သံဝရတရားစသည်တို့ နှင့် ပြည့်စုံကြသော်လည်း ရဟန္တာအမည်ခံ ပုဂ္ဂိုလ်အချို့ တို့သည်ကား ယုံကြည်နိုင်လောက်သော ဣန္ဒြိယ သံဝရ တရား စသည်များ မရှိကြချေ။

ရဟန္တာစစ်တမ်း ၁—ပ မ သ စ

ထိုရဟန္တာအမည်ခံ ပုဂ္ဂိုလ်များအပေါ်၌ အချို့သော သူများက ရဟန္တာဟု အယုံ အကြည် ရှိကြသလောက် မယုံကြည်နိုင်ကြသော သူအချို့တို့လည်း ပေါ်ပေါက်ခဲ့ကြပေသည်။ ထိုသို့ယုံကြည်သူ မယုံကြည်သူ နှစ်လီသော လူနှစ်စုတို့တွင် ယုံကြည်သူ လူတစုက မယုံကြည်သူ လူတစုအား (အရိယူပဝါဒကံ)သို့ တင်စွဲလျက် ငရဲကျဖို့ရန်သာ ရှိကြောင်း စွပ်စွဲပြောဆို နေကြပေကုန်၏။ မယုံကြည်သူ လူတစုကလည်း ယုံကြည်သူ လူတစုအား ပုထုဇဉ်ကို ရဟန္တာဟု ပြောဆိုမှု ဒုစ္စရိုက်ဝစီကံကြောင့် အပါယ်ထဲ ကပ်ရောက်ဖို့သာ ရှိတော့ကြောင်း စွပ်စွဲပြောဆို နေကြပေကုန်၏။

ဤသို့ တဦးနှင့်တယောက် ကမောက်ကမ ဝိဝါဒစကား သုံး၍ငြင်းသုံးထုတ်နေကြရခြင်း၏ အကြောင်းရင်းကိုရှာခဲ့ပါမူ အရင်းစစ်အမြစ်မြေမှ ဟူသကဲ့သို့ ရဟန္တာဟုတ်သည် မဟုတ်သည်ကို ခွဲထုတ်နိုင်သော ဉာဏ်ထွမ်း ဉာဏ်ရည် မရှိမှုကြောင့်သာ ဖြစ်ပေရာသည်။ ယခုခေတ် ဖြစ်ပေါ်လာသော ရဟန္တာများကလည်း သုက္ခဝိပဿက ရဟန္တာဟု အဆိုရှိရကား မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်ဖြင့် ဆုံးဖြတ်ရမည်ကလည်း ခက်ချေသည်။ ရဟန္တာမဟုတ်ဟု ဆိုရန်ကလည်း ခက်ချေသည်။ ဤသို့ ဟုတ်၏ဟု ဆိုရန်ကလည်း

ခက်,မဟုတ်ဟု ဆိုရန်ကလည်း ခက်လျက် ခက်နှစ်ခက်နှင့် ကြုံတွေ့နေကြရပေကုန်၏။

တနေ့သော နေ့လည်ခင်း၌ မဟာလယ်တီတိုက် ဆွမ်းစားကျောင်းမှတပည့်ဖြစ်သူ အရှင်ဥတ္တမ ရောက်ရှိလာကာ (တပည့်တော် ဆွမ်းခံသွားခိုက် မြို့တွင်း၌ ငြင်းခုံနေကြတာကို ကြားသိခဲ့ရပါသည်ဘုရား။ ပြီးတော့လဲ ဟောဒီမေးခွန်းတွေကိုလဲ တပည့်တော်အား မေးမြန်းကြပါသည် ဘုရား-တပည့်တော်မှာ ဉာဏ်နုသူဖြစ်၍ မည်သို့မျှ မဖြေကြားနိုင်ခဲ့ပါ။ အရှင်ဘုရား ဝိသဇ္ဇနာကို ချီးမြှင့်တော်မူပါ) ဟု လျှောက်ထားရင်း—

၁။ ယခုခေတ်တွင် ရဟန္တာ ဖြစ်နိုင်ပါသလော—

၂။ ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံပြောဆိုသော ရဟန်းနှင့် ရဟန္တာမဟုတ်သူကို ရဟန္တာဟု သမုတ်သောသူတို့သည် အဘယ်သို့သော အကျိုး အပြစ်ကို ခံစားရမည်နည်း—

၃။ ရဟန္တာ ဟုတ်သည် မဟုတ်သည်တို့ကို မည်ကဲ့သို့ ခွဲခြား ဝေဖန်၍ သိရမည်နည်း—

ဟူသော ပုစ္ဆာစကား ရေးထားသည့် လျှောက်လွှာ စာရွက်ကလေးကို ဆက်ကပ်၍ သွားပေသည်။

ထိုသို့ အရှင်ဥတ္တမ လျှောက်ထားမှုကို အဘိယာစကား ပြု၍ မြို့ရွာအသီးသီးမှ ဒါယကာ ဒါယိကာမတို့သည်လည်း ဗဟုသုတတိုးပွါး အသိများပြီး ရဟန္တာ ဟုတ်မဟုတ် ကိုယ်ပိုင်ဉာဏ်ဖြင့် စစ်တမ်းထုတ်နိုင်ကြစေခြင်းငှါ ရည်သန် တောင့်တလျက် မြှောက်ပင့်လိုသော စိတ်လည်းမပါ။ နှိပ်ချကဲ့ရဲ့လိုသော စိတ်လည်းမရှိ၊ ပုဂ္ဂလဓိဋ္ဌာန်ကို မကြည့် ဓမ္မဓိဋ္ဌာန်တည့်တည့်ဖြင့် ပါဠိ အဋ္ဌကထာ ဋီကာ တဝ အာစရိယဝါဒတို့နှင့် နှိုင်းညှိ၍ မဇ္ဈိမပဋိပဒါစကားတို့ဖြင့် ရေးသားခဲ့ရပေသတည်း။

ဤ အရဟန္တဝိသောဓနီခေါ် ရဟန္တာ စစ်တမ်းကို ကြည့်ရှုကြသော စာရှုသူ ရဟန်းရှင်လူတို့သည် ပုဂ္ဂလ ဓိဋ္ဌာန်ကို မကြည့်ပဲ ဤကျမ်း၌ သာဓကထုတ်ဆောင်၍ ပြထားအပ်လာသော ဆဗ္ဗိသောဓနေသုတ်မှ လာသော ဓမ္မဓိဋ္ဌာန်နည်း၊ အဋ္ဌကထာမှ လာသော ဓမ္မဓိဋ္ဌာန်နည်း၊ တို့ဖြင့် ရဟန္တာ ဟုတ်မဟုတ် စစ်တမ်း ထုတ်လျက် ဟုတ်လျှင် ဆည်းကပ်၊ လုပ်ဇာတ်ခင်းသူဆိုလျှင် ဝေးရာက ရှောင်ခွါလျက် သမ္မာ အကျင့် ဖြည့်တင်း ဆည်းပူး၍ ငြင်းခုံမှုဝါဒစုတို့ကို ဖျောက်ဖျက်ကာ နည်းမှန်လမ်းမှန်

ဝေဖန်ဆန်းစစ်ကြရန်ကိုလည်း တိုက်တွန်းသမှု ဥယျောဇဉ် ပြုလိုက်ရပေသည်။

**အထူးမှာထားချက်။** ။ဤစာစောင်ကို စာရေးသူသည် တတ်စွမ်းသမျှ လက်ကမ်း ဓမ္မဒါန ပြုခဲ့ရသောကြောင့် တဆင့် ဓမ္မဒါနပြုလိုသော ကုသိုလ်ရှင်များ ပေါ်ပေါက်ပါက ဤစာမူရင်းအတိုင်း ထုတ်ဝေဖြန့်ချိ ဓမ္မဒါန ပြုနိုင်ကြပါသည်။ သို့သော်လည်း ကျမ်းပြုသူသည် ပီတိပါမောဇ္ဇ ဝမ်းမြောက်နှစ်သက်မှု ဖြစ်ရန်အလို့ငှါရင်း၊ စာရေးသူအား အလေးဂရုပြုသော အားဖြင့်ရင်း၊ ပန်ကြားခွင့်တောင်းခြင်း ပြုပါရန်ကိုလည်း အထူးသတိပေးအပ်ပါသတည်း။

( ပုံ )

ဝ၃၃၃-ခုနှစ် လယ်တီကေလာသ

တန်ခူးလဆန်း၊ ၅-ရက်နေ့ သာသနဓဇဓမ္မာစရိယ

ဝိနယပါဠိပါရဂူ

ဝိနယပါရဂူကျောင်း၊ မဟာလယ်တီ၊ မုံရွာ။

# အရဟန္တာဝိသောခနီ ခေါ်
# ရဟန္တာ ခေတ်တာမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ခုခေတ်ပေါ်လာ ပုဏ္ဏသုံးရပ်

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ထွန်းလင်းတောက်ပလျက် ရှိကြသော သီဟိုဠ်၊ ကမ္ဘောဒီးယား၊ ယိုးဒယား မြန်မာစသော တိုင်းနိုင်ငံအသီးသီး အဝဝ ရှိခဲ့ကြသော်လည်း ယခုအခါ၊ မြန်မာနိုင်ငံတော်ကြီးသည် ပရိယတ် ပဋိပတ်ပြည့်ကြပ်တိုးပွါး သာသနာစည်ကားမှုတွင် သူမတူအောင် စည်ကားသော တိုင်းနိုင်ငံကြီးတခု ဖြစ်ပေသည်။

ထိုသို့ပင်ဖြစ်သော်လည်း ဤ မြန်မာနိုင်ငံတော်ကြီးတွင် သာသနာတော်ကြီး၏ရင်း၊ သာသနာ့နွယ်ဝင် လူရှင်ရဟန်းတို့၏ရင်း၊ စိတ်တွင်းဝယ် ဗြောင့်တံသင်းသဖွယ် လွယ်လွယ်နှင့် ဖြေရှင်းမရ ဝိဝါဒအဓိကရုဏ်းဖြစ်လျက် ဆုံးဖြတ်ချက် မချနိုင်ပဲ တဝဲလည်လည် ဖြစ်နေသော အထစ်အဖုကလေးတစုကား ဖြစ်ပေါ်၍နေချေပြီ။

ထိုအထစ်အဖုကလေးတစုကား အဘယ်နည်းဟု မေးခဲ့ပါမူ၊ ဟိုမြို့သည်မြို့ ဟိုရွာသည်ရွာ ဟိုကျောင်း သည်ကျောင်း တို့၌ သောင်းပြောင်းထွေလာ ရဟန္တာတွေ ပေါ်ပေါက်မှုကို အကြောင်းပြု၍—

၁။ ယခုခေတ်တွင် ရဟန္တာ ဖြစ်နိုင်ပါသလော၊

၂။ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟု ဝန်ခံပြောဆိုသော ရဟန်းနှင့် ရဟန္တာ မဟုတ်သူကို ရဟန္တာဟု သမုတ်သောသူတို့သည် အဘယ်သို့သော အကျိုး အပြစ်ကို ခံစားရပါမည်နည်း။

၃။ ရဟန္တာ ဟုတ်သည် မဟုတ်သည်တို့ကို မည်ကဲ့သို့ ခွဲခြားဝေဖန်၍ သိရမည်နည်း—

ဟူသော ပုစ္ဆာသုံးခု အထစ်အဖုကလေး တစုပေါ်ပေါက်၍ လာခဲ့ပေသည်၊ ထိုပုစ္ဆာသုံးခု၏ အဖြေမှန်ကို ကောန်တိတိ သိရှိနားလည်ကြသော လူရှင်ကဝိ ပညာရှိ တို့ကား တော်တော် များများဘဲ ရှိခဲ့ကြပေကုန်၏။ မသိနားမလည်သူတို့ကား အနန္တများစွာပင် ရှိနေကြပေကုန်၏။ ထိုသို့ မသိသူ သိသူတို့တွင်မသိသူများ သိရှိနားလည်ရန်မှာ သိသူများ၏တာဝန်သာလျှင် ဖြစ်သည့်အလျောက် မသိသူများ သိရှိနားလည်စေရန် ရည်သန်ရင်း နှလုံးသွင်းဖြင့် ရေးသားခြင်းပြုခဲ့ရပေသည်။

## ရဟန္တာဖြစ် မဖြစ် ယခုခေတ်

၁။ ယခုခေတ်တွင် ရဟန္တာ ဖြစ်နိုင်ပါသလော ဟူသော အမေးပုစ္ဆာ၌ "ဖြစ်နိုင်ပါသေး၏" ဟု ဖြေဆိုရပေမည်။ အဘယ့်ကြောင့် ဖြစ်နိုင်ပါသေးသနည်းဟု ထပ်ဆင့်မေးခဲ့ပါမူ ရဟန္တာဖြစ်နိုင်သော ခေတ်ကာလ ရှိသေးသောကြောင့် ဖြစ်နိုင်သေး၏ဟု ဖြေဆိုရပေမည်။

ထိုစကားကို အကျယ်ချဲ့၍ ဆိုခဲ့ပေဦးအံ့၊ သာသနာခေတ်သည် ငါးထောင်ရှိခဲ့ပေရာ ခုဒ္ဒကနိကာယဋ္ဌကထာဖြစ်သော စူဠဝါအဋ္ဌကထာ ဘိက္ခုနီခန္ဓကအဖွင့်၌ရင်း၊ အင်္ဂုတ္တရနိကာယဋ္ဌကထာ ဒုတိယပဏ္ဏာသက ဂေါတမီသုတ်အဖွင့်၌ရင်း။

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်။

၂။ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်။

၃။ အနာဂါမ်ခေတ် တထောင်။

၄။ သကဒါဂါမ်ခေတ် တထောင်။

၅။ သောတာပန်ခေတ် တထောင်။

ဟူ၍ လာရှိသည်ကို ထောက်ဆ၍ ယခုခေတ် သာသနာ နှစ်ပေါင်း(၂၅၀၀)ကျော်နှင့် နှိုင်းဆခဲ့သော် ရဟန္တာခေတ် မရှိတော့ပြီ၊ ရဟန္တာ မဖြစ်နိုင်တော့ပြီ၊ အနာဂါမ်

ခေတ် တထောင်အတွင်းသို့ နှစ်ပေါင်း (၅၀၀) ကျော်ပင် သက်ဝင်ခဲ့ချေပြီဟု ဆိုနိုင်ပေရာ၏။

သို့သော်လည်း ဒီဃနိကာယဋ္ဌကထာဖြစ်သော သုတ်ပါထေယျဋ္ဌကထာသမ္ပသာဒနီယသုတ် အဖွင့်၌ကား —

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်။

၂။ ဆဠဘိညရဟန္တာခေတ် တထောင်။

၃။ တေဝိဇ္ဇ ရဟန္တာခေတ် တထောင်။

၄။ သုက္ခဝိပဿက ရဟန္တာခေတ် တထောင်။

၅။ ပါတိမောက္ခခေတ် တထောင်။

ဟူ၍လာရှိသည်ကို ထောက်ဆ၍ သာသနာခေတ် နှစ်ပေါင်း လေးထောင်တိုင်အောင် ရဟန္တာဖြစ်နိုင်သောခေတ် ရှိသေး၏ဟုလည်း သိရှိပေရာ၏။

သံယုတ္တနိကာယ နိဒါနဝဂ္ဂဋ္ဌကထာ ကဿပသံယုတ် သဒ္ဓမ္မပ္ပဋိရူပကသုတ်အဖွင့်၌လည်း—

ပဌမဗောဓိယံ ဟိ ဘိက္ခူ ပဋိသမ္ဘိဒပ္ပတ္တာ အဟေသုံ။

ဘုရားရှင်လက်ထက် သက်တော်ထင်ရှားရှိစဉ် ပဌမဗောဓိ၌ ရဟန်းတို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်နိုင်ကြကုန်၏။

အထ ကာလေ ဂစ္ဆန္တေ ပဋိသမ္ဘိဒါ ပါပုဏိတုံ
နသက္ကိံသု။ ဆဠဘိညာ အဟေသုံ။

ထိုနောင်မှ ကာလအချိန်အခါ နှစ်ပေါင်း တထောင်မျှ ကြာခဲ့သည်ရှိသော် ပဋိသမ္ဘိဒါပတ္တအဖြစ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ကြလေကုန်။ ဆဠဘိည ရဟန္တာတို့သည်သာလျှင် ဖြစ်နိုင်ကြကုန်၏။

တတော ဆအာဘိညာ ပါပုဏိတုံ အသက္ကောန္တာ တိသော ဝိဇ္ဇာ ပါပုဏိတုံ။

ထို ဆဠဘိညာ ရဟန္တာခေတ် တထောင် ကုန်ဆုံးပြီးသည့်နောင်မှ ဆဠဘိည ရဟန္တာအဖြစ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ကြကုန်မူ၍ တေဝိဇ္ဇ ရဟန္တာအဖြစ်သို့သာလျှင် ရောက်နိုင်ကြကုန်၏။

ဣဒါနိ ကာလေ ဂစ္ဆန္တေ တိသော ဝိဇ္ဇာ ပါပုဏိတုံ အသက္ကောန္တာ အာသဝက္ခယမတ္တံ ပါပုဏိဿန္တိ။

ဤယခုအခါကာလ တထောင်ကြာ ရောက်ခဲ့သော် တေဝိဇ္ဇ ရဟန္တာအဖြစ်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ကြကုန်မူ၍ အာသဝကုန်ခန်းကာမျှ သုက္ခဝိပဿက ရဟန္တာအဖြစ်သို့ ရောက်နိုင်ကြကုန်လတ့်။

တမ္ပိ အသက္ကောန္တာ အနာဂါမိဖလံ။
တမ္ပိ အသက္ကောန္တာ သကဒါဂါမိဖလံ။
တမ္ပိ အသက္ကောန္တာ သောတာပတ္တိဖလံ။

ထို့နောင်မှ ကာလအတန်ကြာခဲ့သော် သုက္ခဝိပဿက ရဟန္တာအဖြစ်ကို မစွမ်းနိုင်ကြကုန်မူ၍ အနာဂါမ် သကဒါဂါမ် သောတာပန်အဖြစ်တို့သို့သာလျှင် ရောက်နိုင်ကြကုန်၏ ဟူသော သံယုတ်အဋ္ဌကထာစကားရပ်ကို ရည်ရွယ်မှန်းဆတော်မူ၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် သာသနဝိသောဓနီ ပဌမတွဲ စာမျက်နှာ (၅၁-မှ ၅၃)အထိ ဤသို့ မိန့်တော်မူ၏။

## လယ်တီမဟော် မိန့်ခွန်းတော်

ဤ "ဝဿသဟဿံ တိဋ္ဌေယျ" ဟူသော ပါဠိဖြင့်ပင်လျှင် အနှစ်တစ်ထောင် လွန်သောအခါ မြတ်စွာဘုရားလက်ဆက်တော်ကအတိုင်း မတည်နိုင်ပြီ၊ တဖြည်းဖြည်းဆုတ်ယုတ်၍သွားတော့မည် ဟူသော အနက်ကိုလည်းသိအပ်၏။ ထိုတွင် အနှစ်တထောင်အတွင်း၌ မြတ်စွာဘုရား လက်ထက်တော်ကအတိုင်း တည်ပုံကား မြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းသံဃာတော်သည် အတန်းငါးတန်း ရှိ၏။ ငါးတန်းဆိုသည်ကား—

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန်းသံဃာမျိုး တတန်း။

၂။ ဆဠဘိည ရဟန်းသံဃာမျိုး တတန်း။

၃။ တေဝိဇ္ဇ ရဟန်းသံဃာမျိုး တတန်း။

၄။ သုက္ခဝိပဿက ရဟန်းသံဃာမျိုး တတန်း။

၅။ အနာဂါမ်-သကဒါဂါမ်-သောတာပန် စသော သေက္ခ ရဟန်းသံဃာမျိုး တတန်း-ဟူ၍ ငါး တန်း ရှိ၏။

(ကလျာဏပုထုဇ္ဇန် ရဟန်းသံဃာများသည် သေက္ခ တန်းသို့ ပါဝင်လေ၏)

ထိုငါးတန်းတို့တွင် သာသနာတော် အနှစ်တထောင် တိုင်အောင် တစုံတခုသော အတန်းမျှ ယုတ်လျော့သည် ဟူ၍ မရှိသေး၊ ငါးတန်းလုံးပင် တည်ရှိသေး၏။ ဤ စကား၌ အနှစ်တထောင် ပြည့်ခါနီးတိုင်အောင် ပဋိသမ္ဘိ ဒါပတ္တ ပုဂ္ဂိုလ်တပါးမျှပင် ရှိသော်လည်း တန်းငါးတန်း မယုတ်လျော့သေးသည့်အတွက် လက်ထက်တော်က အ တိုင်း တည်သည်ဟု ဆိုရ၏။ ဆဠဘိညတန်း စသည်တို့ ၌လည်း ဤနည်းအတူ ယူလေ။

## သာသနာဆုတ်ယုတ်သွားပုံ

အနှစ်တထောင် ကျော်လွန်သောအခါ တဖြည်းဖြည်း ဆုတ်ယုတ်၍ သွားပုံကား အနှစ်တထောင် ပြည့်သောအခါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် ကွယ်လွန်လေ၏။ ကြွင်းကျန်သော ခေတ်လေးတန်းမျိုးသာလျှင် တည်ရှိ၏။

အနှစ်နှစ်ထောင် ပြည့်သောအခါ ဆဠဘိညရဟန္တာ ကွယ်လွန်ပြန်၏။ ခေတ်သုံးမျိုးသည်သာလျှင် တည်ရှိ၏။ အနှစ်သုံးထောင်ရှိသောအခါ တေဝိဇ္ဇ ရဟန္တာခေတ်သည် ကွယ်လွန်ပြန်၏။ ခေတ်နှစ်မျိုးသည်သာလျှင် တည်ရှိ၏။ အနှစ်လေးထောင်ရှိသောအခါ သုက္ခဝိပဿက ရဟန္တာ ခေတ်သည် ကွယ်လွန်ပြန်၏။ သေက္ခခေတ် တမျိုးသာ ကျန်ရှိ၏။ ထိုသေက္ခခေတ်သည်လည်း အနှစ်ငါးထောင် ရှိသောအခါ ကွယ်လွန်လတ့်။ ထိုအခါမှသာလျှင် ဗုဒ္ဓဘာသာ သာသနာ မရှိပြီ ကွယ်လွန်ပြီဟု ဆိုရ၏။

ဤသို့သော ပါဠိ အဋ္ဌကထာဝါဒ အာစရိယဝါဒတို့ကို မျှော်ထောက်ဆ၍ ယခုအချိန်တွင် ပဋိသမ္ဘိဒါပတ္တရဟန္တာ နှင့် ဆဠဘိညရဟန္တာများ မရှိနိုင်သော်လည်း တေဝိဇ္ဇ ရဟန္တာနှင့် သုက္ခဝိပဿကရဟန္တာဟုဆိုအပ်သော အာသဝ

ကုန်ခါမျှသော ရဟန္တာတို့သည် ရှိနိုင် ဖြစ်နိုင်သေး၏ဟု ယုံကြည်စိတ်ချ စွဲမှတ်ကြရာ၏။

ဤတွင် "ယခုခေတ်တွင် ရဟန္တာ ဖြစ်နိုင်ပါသလော" ဟူသော အမေးစကားတရပ်၏ အဖြေ ဝိသဇ္ဇနာပြီးပြီ။

## မဂ်မရပဲကို ရသည်ဆို

၂။ ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံ ပြောဆိုသော ရဟန်းနှင့် ရဟန္တာမဟုတ်သူကို ရဟန္တာဟု သမုတ်သော သူတို့သည်အဘယ်သို့သော အကျိုးအပြစ်ကို ခံစားရမည်နည်းဟူသော အမေးပုစ္ဆာ၌ ရဟန္တာဟု ပြောဆိုခြင်းတို့သည်—

၁။ ပညာနုံ့နဲ့၍ မိုက်မဲ တွေဝေသောကြောင့် အရဟတ္တမဂ်ကို ရ၏ဟု ပြောကြားခြင်း။

၂။ ယုတ်မာသော အလိုဆိုး ရှိသည်ဖြစ်၍ အလိုရမ္မက်ဖြင့် နှိပ်စက်အပ်သောကြောင့်အရဟတ္တမဂ်ကို ရ၏ဟု ပြောကြားခြင်း။

၃။ စိတ်ပြွန်းလွင့် ရူးသွပ်သည်ဖြစ်၍ အရဟတ္တမဂ်ကိုရ၏ဟု ပြောကြားခြင်း။

၄။ မဂ်ဖိုလ်ကို ရသည်ဟု ထင်မှတ်သော အဓိမာနဖြင့် အရဟတ္တမဂ်ကို ရ၏ဟု ပြောကြားခြင်း။

၅။ အကြောင်းအားလျော်စွာသာလျှင် ဟုတ်မှန်သော အရဟတ္တမဂ်ကို ဟုတ်မှန်စွာ ပြောကြားခြင်း–

ဟု အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတ်၌ ဟောတော်မူသောနည်းအားဖြင့် ငါးပါးရှိပေသည်။ ထိုငါးပါးတို့တွင် ပညာနုံ့နဲ့ တွေဝေလျက် မသိမိုက်မဲသဖြင့် ပြောကြားမိသော ရဟန်းသည်–

ဣဓမိနာ ပန မန္ဒတ္တာ မောမူဟတ္တာ သမုဒါစရန္တဿ အနာပတ္တီတိ ဒဿေတိ။

ဣဓမိနာ ပန၊ ဤ ပါပိစ္ဆတာယဟူသော ပါဌ်ဖြင့်။ မန္ဒတ္တာ၊ ပညာနုံ့သည်၏ အဖြစ်ကြောင့်ရင်း။ မောမူဟတ္တာ၊ မိုက်မဲတွေဝေ မသိသည်၏ အဖြစ်ကြောင့်ရင်း။ သမုဒါစရန္တဿ၊ ပြောဆိုသောသူအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတိ၊ ပြ၏။

ဟူသော ကင်္ခါဋီကာသစ်၌ မိန့်ဆိုရကား မည်သို့သော အာပတ်မျှမသင့်ချေ။ မည်သည့်အပြစ်မျှလည်း မရှိချေ။ အဘယ်ကြောင့်နည်းဟူမူ လာဘ် အပူဇော် သက္ကာရကို မျှော်လင့်မှု ပါပိစ္ဆအလိုဆိုး မပါမရှိသောကြောင့်ဟု သိရပေမည်။

ရှူးသောရဟန်း စိတ်ပြန့်လွင့်သော ရဟန်းတို့သည်လည်း—

> အနာပတ္တိ အဓိမာနေန အနုလ္လပနာဓိပ္ပါယဿ
> ဥမ္မတ္တကဿ ခိတ္တစိတ္တဿ ဝေဒနာဋ္ဋဿ
> အာဒိကမ္မိကဿ—

ဟူ၍ ရှင်တော်မြတ်ဘုရား ခွင့်ပြုချက် ထားတော်မူခဲ့သောကြောင့် အာပတ်လည်းမသင့်၊ အပြစ်လည်း မရှိကြချေ။

မိမိကိုယ်တိုင် ရဟန္တာ မဖြစ်သည်ကို မဖြစ်ဟု ထင်ရှားစွာသိသော်လည်း လာဘ်လာဘ ပူဇော်သက္ကာရကိုလိုလားတောင့်တသည်ဖြစ်၍ ယုတ်မာသော ပါပိစ္ဆာ အလိုဆိုးဖြင့် ရဟန္တာဖြစ်၏ဟု ပြောဆိုခြင်းမျိုးဖြင့် ပြောဆိုသော ရဟန်းမှာ အကျိုးမရှိ၊ ပါရာဇိကသို့ ကျရောက်ခြင်းတည်းဟူသော အပြစ်သာလျှင် ထိရောက်ပေတော့၏။ သာသနာတော်မှ ရှုံးခြင်းကြီး ရှုံးပေတော့၏။ ပါရာဇိကကျ၏ဟု ဆိုလျှင် အကြောင်းအကျိုးကို စုံလင်စွာ သိရှိပြီးသော ပုဂ္ဂိုလ်များအတွက် အထူးဆိုဖွယ်မရှိသော်လည်း မသိသေးသူ ရှင်လူများအတွက် ထည့်စွက်၍ဆိုခဲ့ပေဦးအံ့။

ထိုလာဘ်လာဘအတွက် လောဘရမ္မက် တပ်စွန်းချက်ကြောင့် ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ပြောဆိုမိ၍

ပါရာဇိကသင့်ပြီးသော ရဟန်းသည် ရဟန်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ ရောက်ခဲ့သေပြီ။ ဤဘဝ ဤခန္ဓာဖြင့် နောက်တဖန် ရဟန်းဖြစ်လိုပြန်၍ အကြိမ်တရာပင် ဥပသမ္ပဒကံဆောင်ကမ္မဝါကို ဖတ်ရွတ်လျက် ကံဆောင် ပါသော်လည်း ရဟန်း ပြန်၍ မဖြစ်နိုင်တော့ပြီ။ ဥပမာတင်၍ မြင်သာအောင်ပြောရလျှင် ဦးခေါင်းပြတ်ပြီးသော သူတယောက်အား ခေါင်းနှင့်ကိုယ်ကို တဖန် ဆက်ပေးပြန်ပါသော်လည်း အသက်တဖန်ပြန်၍ ရှင်ရှိုးထုံးဘမ်း မမှတာမရှိဘိသကဲ့သို့ပင်တည်း။

ထိုရဟန်းသည် ရှိခဲ့ရင်း ရဟန်းအသွင်ကိုဖျက်၍ လူဝတ်လဲသော်လည်း လဲရမည်၊ သို့မဟုတ် ရှင်သာမဏေအဖြစ်သို့သော်လည်း ပြောင်းလဲရပေမည်။ လူအဖြစ်-ရှင်သာမဏေအဖြစ်သို့ ပြောင်းလဲလျက် ကမ္မဋ္ဌာန်းတရားကို ပွါးများခဲ့ပါမူ လူနတ်ချမ်းသာကိုသော်ရင်း၊ မဂ်ဖိုလ်ချမ်းသာကိုသော်ရင်း ရရှိနိုင်ပေသည်။ လူဝတ်လည်း မလဲ၊ ရှင်သာမဏေအဖြစ်သို့လည်း ပြောင်းလဲမှု မပြုပဲ ရဟန်းဟု ဝန်ခံလျက် သမဏပဋိညာဉ်ဖြင့် နေခဲ့သော် ယခုဘဝ ပစ္စက္ခ၌မည်မျှပင် သမထဝိပဿနာကို အားထုတ်သော်လည်း အာဏာဝီတိက္ကမန္တရာယ်က တားမြစ်ခြင်းကို ခံရသောကြောင့် ဈာန်မဂ်ဖိုလ်တရားကို မရနိုင်တော့ချေ။ တမလွန်

ဘဝတွင်လည်း လူ့ရွာ နတ်ရွာသို့ မရောက်နိုင်တော့ချေ။ အပါယ်ငရဲသို့သာ ကျရောက်ရပေတော့၏။

## ခိုးသူငါးမျိုး ဥဒါန်းထိုး

ထို ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ပြောဆိုသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူခဲ့သော ခိုးသူကြီး ငါးမျိုးကိုလည်း ဖော်ပြခဲ့ပေဦးအံ့။

၁။ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် အခြံအရံ-အကျော်အစော- လာဘ်လာဘ- ပူဇော်သက္ကာရကို မျှော်လင့်တောင့်တ၍ သာသနာပြု ဆရာ-ကမ္မဋ္ဌာနာစရိယ ကမ္မဋ္ဌာန်းဆရာ-ဓမ္မကထိက တရားဟောဆရာ ပြုလုပ်၍ မြို့ရွာ တိုင်း နိုင်ငံကို လှည့်လည်လျက် လာဘ်အပူဇော်သက္ကာရကို ရှာဖွေသုံးဆောင်နေ၏။ ထိုရဟန်းသည် ရှေးဦးစွာသော မဟာစောရ သာသနာတွင်း ခိုးသူကြီး ပေတည်း။

၂။ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် ဘုရားရှင် ဟောတော်မူအပ်သော သုတ်-အဘိဓမ္မာ-ဝိနည်းတို့ကို သင်ကြားတတ်မြောက်သောအခါ တပါးသော တပည့်ဒကာတို့အား ဘုရားဟောဟု မသိစေပဲ မိမိကိုယ်တိုင် သိသလို ကိုယ်တိုင်တတ်သလို ပြောဆိုဝါကြွားလျက်နေ၏။ ထိုရဟန်းသည် နှစ်ခုမြောက်ဖြစ်သော မဟာစောရ သာသနာတွင်း ခိုးသူကြီးပေတည်း။

၃။ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် ရဟန်းကောင်း ရဟန်းမြတ်ဖြစ်သော စင်ကြယ်သောသူကို သာသနာ့ဘောင်မှ ရွေလျောစေလို၍ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း အရင်းမူလမရှိပဲ လုပ်ကြံ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲဖျက်ဆီး၏။ ထိုရဟန်းသည် သုံးခုမြောက်ဖြစ်သော မဟာစောရ သာသနာတွင်း ခိုးသူကြီးပေတည်း။

၄။ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် မစွန့်ထိုက် မဝေဖန်ထိုက်သော သံဃိက ဂရုဘဏ္ဍဝတ္ထုပစ္စည်းများကို မိမိကိုယ်ပိုင် ကိုယ်ဆိုင်ပြု၍ လူဒါယကာတို့အား ပေးကမ်းချီးမြှောက် ထောက်ပံ့၏။ ထိုရဟန်းသည် လေးခုမြောက်ဖြစ်သော မဟာစောရ သာသနာတွင်း ခိုးသူကြီးပေတည်း။

၅။ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းသည် ဈာန်မဂ်ဖိုလ်တရားကို မရပဲလျက် "ငါရ၏" ဟု လိမ်လည်လှည့်စား၍ ပြောဟော၏။ ထိုရဟန်းသည် ငါးခုမြောက်ဖြစ်သော မဟာစောရ သာသနာတွင်း ခိုးသူကြီးပေတည်း။

ဤသို့ ဘုရားရှင် ဟောတော်မူခဲ့သော ခိုးသူကြီး ငါးဦးတို့တွင် ပဥ္စမ ငါးယောက်မြောက်သော ခိုးသူကြီးသည် ကြွင်းသော ခိုးသူကြီးလေးယောက်တို့ထက် လွန်ကဲသော ခိုးသူကြီးပေတည်း။ ထို့ကြောင့် ဈာန် မဂ် ဖိုလ်ကို မရပဲ "ငါရ၏" ဟု ပြောဆိုသော ရဟန်းသည် အကျိုးမရှိချေ။

အပြစ်သာလျှင် ထိပေရကား သာသနာတော်ထမ်း ရဟန်း မှန်သမျှ ဖြောင့်စင်းသော စိတ်ထားဖြင့် လိမ်လည်လှည့် ဖြားမှုကို ဝေးဝေးမှ ရှောင်ရှားသင့်လှပေသတည်း။

## ရန်ိုးထင်ကာ ပြောသူမှာ

"အဓိမာန" ခေါ်သော မဂ်ဖိုလ်ကို မရသေးပဲ ရသည် ထင်၍ ပြောဆိုမှုသည် အပြစ်မရှိချေ။ ထိုစကားကို ချဲ့၍ ဆိုဦးအံ့။ ဘုရားရှင် လက်ထက်တော်အခါ၌ များစွာသော ရဟန်းတို့သည် အပြင်းအထန် အားထုတ်အပ်သော တရား အကျင့်ရှိကြသောကြောင့် ကိလေသာရာဂတို့သည် သမု- စ္ဆေဒအားဖြင့် မပြတ်စဲသော်လည်း အတော်ကြာမြင့်စွာ ငြိမ်းအေးနေခဲ့ရကား အရိယာမဂ်ကို ရပြီအထင်နှင့် "ငါတို့သည် အရဟတ္တမဂ်ကို ရကြကုန်ပြီ" ဟု ပြောကြား ကြကုန်၏။

ထိုသို့ ပြောကြားပြီးနောက် အားထုတ်မှု ဝီရိယ ခါတ်အား အတန်ငယ် ပြေ့ည့်သွားလေရာ "မီးဝေး ချိပ်မာ" ဆိုသကဲ့သို့ ကိလေသာရာဂတို့သည် ထပ်မံ ပေါ်ပေါက်၍ လာခဲ့ကြပြန်ကုန်၏။ ထိုအခါ "ငါတို့သည် ကိလေသာရာဂ ကုန်ခန်း၍ ရဟန္တာဖြစ်ပြီအထင်နှင့် ပြောကြားမိခဲ့ကြလေပြီ။ ငါတို့သည် ပါရာဇိက ကျကြကုန် ပြီလော" ဟူသော သံသယမှုဖြစ်သောကြောင့် ဘုရားရှင်

အား လျှောက်ထားကြလေရာ ရှင်တော်မြတ်ဘုရားက "အညတြ အဓိမာနာ" ဟု အနုပညတ်ကို ခွင့်ပြုတော်မူခဲ့သည်ကို ထောက်ဆ၍ ရသည်ထင်၍ ပြောကြားမှုသည် အပြစ်မရှိဟု သိရှိပေရာ၏။

## အဓိမာန ရကြသည်ဆို ဘယ်ပုဂ္ဂိုလ်

ဤအရဟတ္တမဂ်အရဟတ္တဖိုလ်ကို မရပဲလျက် ရ၏ဟု အဓိမာန ဖြစ်ကြ၏ဟုဆိုရာတွင် ဘယ်လိုပုဂ္ဂိုလ်မျိုးမှ အဓိမာန ရနိုးခြင်း ဖြစ်ကြသနည်း....ဟု မေးပါမူ သောတာပန်-သကဒါဂါမ်-အနာဂါမ်ဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် မိမိမရသေးသော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၌ ရနိုးခြင်း အဓိမာန မဖြစ်ကြချေ။ ထို့ကြောင့် ပါရာဇိကကဏ္ဍဋ္ဌကထာ၌—

အရိယသာဝကဿ တာဝ နုပ္ပဇ္ဇတိ။

အရိယသာဝကဿ၊ အောက်မဂ် အောက်ဖိုလ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်အား။ တာဝ၊ ရှေးဦးစွာ။ နုပ္ပဇ္ဇတိ၊ မဖြစ်။

ဤသို့ မိန့်ဆိုသည်ကို ထောက်ဆ၍ သိရပေမည်။ အဘယ်ကြောင့် ထို အောက်မဂ္ဂဋ္ဌာန် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် အဓိမာနရနိုးခြင်း မဖြစ်ကြသနည်းဟု မေးမူ

အောက်မဂ် အောက်ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်ကို ရပြီးသည့်နောက်—

၁။ မိမိရပြီးသော မဂ်ကို ဆင်ခြင်ခြင်း၊
၂။ မိမိရပြီးသော ဖိုလ်ကို ဆင်ခြင်ခြင်း၊
၃။ နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊
၄။ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊
၅။ မပယ်ရသေးသော ကြွင်းကျန်သော ကိလေသာကို ဆင်ခြင်ခြင်း—

ဤငါးတန်သော ပစ္စဝေက္ခဏာ ဝီထိများ ဖြစ်ကြရကား ကောင်းစွာပမ်းမြောက်ခြင်းရှိသောကြောင့်ရင်း၊ အရိယာတို့၏ ဂုဏ်ကျေးဇူးတို့ကို သိခြင်း၌ ယုံမှားမှုမရှိကြသောကြောင့်ရင်း ရနိုးခြင်းအဓိမာန မဖြစ်ကြချေဟု ဖြေဆိုရပေမည်။

ဒုဿီလဿ နုပ္ပဇ္ဇတိ။

ဒုဿီလဿ၊ အကျင့်သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား။ နုပ္ပဇ္ဇတိ၊ မဖြစ်။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အားလည်း ရနိုးခြင်း အဓိမာနမဖြစ်ချေဟူ၍ အဋ္ဌကထာဆရာမိန့်မှာခဲ့ပြန်ပေသည်။ အဘယ့်ကြောင့် မဖြစ်သနည်းဟု မေးသော် ထိုဒုဿီလပုဂ္ဂိုလ်သည် အရိယာတို့၏ မဂ်ဖိုလ်

ဂုဏ်ကျေးဇူးတို့ကို ရလိုခြင်း မရှိသောကြောင့်တည်း ဟု ဖြေဆိုရပေလိမ့်မည်။

သီလဝါတော ပရိစ္စတ္တကာမပ္ပဂ္ဂဉာနသ္ာ,
နိဒ္ဒါရာမတာဒိမနုယုတ္တဿ နုပ္ပဇ္ဇတိ။

သီလဝတော၊ သီလပင်ရှိသော်လည်း။ ပရိစ္စတ္တကာမ္ပ- ဥာနဿ၊ ကမ္မဋ္ဌာန်းကို စွန့်သော။ နိဒ္ဒါရာမတာဒိ၊ အိပ်ခြင်း၌သာ မွေ့လျော်သောအဖြစ် စသည်ကို။ အနု- ယုတ္တဿ၊ ယှဉ်သောသူအား။ နုပ္ပဇ္ဇတိ၊ မဖြစ်–

ဟူ၍ အဋ္ဌကထာ၌ လာသောကြောင့် သီလရှိသောသူပင် ဖြစ်သော်လည်း ကမ္မဋ္ဌာန်းကို စွန့်လွှတ်ထား၍ ကြိုးစားမှု မရှိပဲ အိပ်ခြင်း၌ မွေ့လျော်မှု၊ စားခြင်း၌ မွေ့လျော်မှု၊ အပေါင်းအဖော် တပည့်လက်သား ဒါယကာ ဒါယိကာမ တို့၌ မွေ့လျော်မှု၊ ကျောင်းကန်တိုက်တာ ဥစ္စာပစ္စည်း ဥယျာဉ်ခြံမြေ စသည်တို့၌ မွေ့လျော်မှုရှိသော သူအား လည်း ထိုအဘိမာနရှိခြင်းသည် မဖြစ်နိုင်ဟု သိမှတ် ပါလေ။

## အဘိမာန ဖြစ်ကြသောသူ

စင်စစ်သော်ကား ကောင်းစွာစင်ကြယ်သော သီလ ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းတရား အာရုံတို့၌ မမေ့မလျော့ စေပဲ နာမ်ရုပ်ကို ပိုင်းခြား၍ အကြောင်းပစ္စည်းကို

သိမ်းဆည်းသောအားဖြင့် သင်္ခါရတရားတို့ကို လက္ခဏာ ရေးတင်လျက် ဆင်ခြင်သော အာရဒ္ဓဝိပဿက ယောဂီ ပုဂ္ဂိုလ်အားသာလျှင် ဤရနိုးခြင်း အခိမာနသည် ဖြစ်နိုင် ထင်နိုင်၏ဟု သိရှိပါလေ။

## ဟုတ်တိုင်း မှန်စွာပြောဆိုရာ

မိမိ၌ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကို ပြောဆိုသော ရဟန်းသည်–

ယော ပန ဘိက္ခု အနဘိဇာနံ ဥတ္တရိမနုဿဓမ္မံ အာရောစေယျ၊ ဘူတသ္မိံ ပါစိတ္တိယံ။

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ အနုပ-သမ္ပန္နဿ၊ လူသာမဏေအား။ ဥတ္တရိမနုဿဓမ္မံ ဈာန် မဂ်ဖိုလ်တရားကို။ အာရောစေယျ၊ ပြောကြားငြားအံ့။ ဘူတသ္မိံ၊ ဟုတ်မှန်သည်ရှိသော်။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သင့်၏ ဟူသော သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ပေသည်။ သို့သော်လည်း—

အနုပသမ္ပန္နော နာမ ဘိက္ခုဉ္စ ဘိက္ခုနိဉ္စ ထပေတွာ အဝသေသော အနုပသမ္ပန္နော နာမ–

ဟူသော ပဒဘာဇနီပါဠိတော်ကို ထောက်ဆ၍ ရဟန်း ယောကျ်ား ရဟန်း မိန်းမတို့အား ပြောကြားခဲ့သော်

ထိုပါစိတ်အာပတ် မသင့်ချေ။ လူ သာမဏေတို့အား ပြောကြားမှသာလျှင် ပါစိတ်အာပတ် သင့်နိုင်ပေသည်။ ဥတ္တရိမနုဿဓမ္မ ဟူသည်လည်း –

၁။ ဈာနဥတ္တရိမနုဿဓမ္မ၊

၂။ မဂ္ဂဖလဥတ္တရိမနုဿဓမ္မ –

ဟူ၍ နှစ်မျိုး နှစ်စား ရှိခဲ့ပေသည်။ ထိုနှစ်မျိုးတို့တွင်(၁) ဈာနဥတ္တရိမနုဿဓမ္မသည် ပုထုဇဉ် အရိယာနှစ်ဌာနလုံးနှင့် သက်ဆိုင်ပေသည်၊ (၂) မဂ္ဂဖလဥတ္တရိမနုဿဓမ္မသည်ကား ပုထုဇဉ်တို့နှင့် မသက်ဆိုင်ချေ၊ အရိယာတို့နှင့်သာ သက်ဆိုင်ပေသည်။

ထိုစကားကို အကျယ်ချဲ့၍ ဆိုပါဦးအံ့။ ဤလောက၌ လောကီဈာန် အဘိညာဉ်တို့သည် လူတို့၏ ပြုလုပ်နေကျ ဒါန သီလ စသော ပုညကြိယာ ဆယ်ပါး ကုသိုလ်တရားတို့ထက် လွန်မြတ်သောကြောင့် ဥတ္တရိ မနုဿ ဓမ္မဟု ခေါ်ဆိုကြပေကုန်၏။ ထို ဈာန် အဘိညာဉ်တရားတို့ကို ပုထုဇဉ်ရဟန်းတို့လည်း ရရှိနိုင်ကြကုန်၏။ ထိုဈာန် အဘိညာဉ်ရသော ပုထုဇဉ်ရဟန်းတို့သည် မိမိရသော ဈာန် အဘိညာဉ်တို့ကို လူဒါယကာတို့အား လာဘ်အပူဇော်သက္ကာရကို ငဲ့ကွက် ရည်ရွယ်၍ မပြောကြားသင့်၊ မပြောကြားအပ်။ ပြောကြားမိခဲ့သော် ပါစိတ်အာပတ် သင့်ပေသည်။

သေခါနီးကာလ စသည်တို့၌ အတင်း အကြပ် နှိပ်စက်၍ မေးမြန်းခဲ့သော် လာဘ် အပူဇော် သက္ကာရကို မငဲ့ကွက်ပဲ ပြောမူကား အာပတ်သင့်ခြင်းမှ ကင်းလွတ်နိုင်ဖွယ်ရာ ရှိပေလိမ့်မည်။ အဘယ့်ကြောင့်နည်းဟူမူ ဉတ္တရိမနုဿဓမ္မနှင့် စပ်လျဉ်း၍ ပညတ်တော်မူသော သိက္ခာပုဒ် နှစ်ခုလုံး၏ မူလအဋ္ဌုပ္ပတ္တိကို မျှော်ကြည့်လျှင် လာဘ်အပူဇော်ကို ငဲ့ကွက်၍သာ ဖြစ်ပေါ်လာကြကုန်သောကြောင့်ပင်တည်း။ မဂ်ဖိုလ်ဉတ္တရိမနုဿဓမ္မကိုကား ပုထုဇဉ်တို့ မရရှိသေးသောကြောင့် ဤအရာ၌ လျဉ်းပါးဖွယ် မရှိချေ။

## အရိယာပုဂ္ဂိုလ် မပြောဆို

ဤသို့လျှင် ပုထုဇဉ်များ စျာန်ဉတ္တရိမနုဿဓမ္မကို ပြောဆိုနိုင်ကြသော်လည်း အရိယာပုဂ္ဂိုလ် များသည် ဈာန်မဂ်ဖိုလ်တရားကို လူသာမဏေ တို့အား မပြောကြား ကြကုန်။ ထို့ကြောင့် ပါစိတျာဒိအဋ္ဌကထာ၌ —

> ဘူတမ္ပိ ပုထုဇ္ဇနာ အာရောစေသုံ၊ န အရိယာ။
> အရိယာနဉ္ဟိ ပယုတ္တဝါစာ နာမ နတ္ထိ။

ဘူတမ္ပိ၊ ဟုတ်မှန်သည်ကိုလည်း။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ အာရောစေသုံ၊ ပြောဆိုကြကုန်၏။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ န အာရောစေသုံ၊ မပြောဆို

ကြကုန်။ ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့အား။ ပယုတ္တဝါစာ နာမ၊ ဝိညတ်နှင့် ယှဉ်သောစကားမည်သည်။ နတ္ထိ၊ မရှိ-

ဟူ၍ မိန့်ဆိုအပ်ခဲ့လေပြီ။ ထိုသို့ပင် ဝစီဝိညတ်ဖြင့် မပြောဆိုသော်လည်း မိမိ၏ အရဟတ္တမဂ် စသော ဂုဏ်ကျေးဇူးတို့ကို လာဘ်အပူဇော်ကို ငဲ့ကွက်၍ ပြောကြားကြကုန်သော တပါးသော ပုထုဇဉ်တို့ကို တားမြစ်ပိတ်ပင်ရမည်။

(ဥပမာ) မိမိ၏ အရဟတ္တမဂ် စသော ဂုဏ်ကျေးဇူးတို့ကို မိမိ၏ တပည့် ဒါယကာတို့က "ဆင်ဖြူတော်မှခို၍ ကြံစုပ်" ဟူသော စကားကဲ့သို့ ဆရာ၏ လာဘ်လာဘ အပူဇော်ကို မှီခိုလိုရကား "တို့ဆရာသည် ရဟန္တာပဲ" စသည်ဖြင့် ပြောကြားနေသည်ကို ကြားသိရသော် "ဤသို့ မပြောကြားကြကုန်လင့်" ဟု တားမြစ်ပိတ်ပင်ရမည်-ဟု ဆိုလိုပေသည်။ ဤသို့ တားမြစ်မှု မပြုခြင်းကြောင့် ဖြစ်ပေါ် လာသော ဆွမ်း သင်္ကန်း စသော ပစ္စည်းလေးပါးတို့ကို တားမြစ်မှု မပြုမိသောကြောင့် ဖြစ်ပေါ်လာသည်ဟု မသိခဲ့ရကား သာယာမိကြပေလိမ့်မည်။ ထိုအခါ၌ ဝစီဝိညတ်ဖြင့် မပြောသော်လည်း တားမြစ်ရမည့်အရာ၌ မတားမြစ်မိသောကြောင့် အာပတ်သင့်ကြလေကုန်၏။ အကယ်၍

သိခဲ့ပါမူကား လိုလားသာယာမှု မရှိကြကုန်ဟူသော ပြန်ဘက် စကားကိုလည်း သိပေရာ၏။

## ပြောသင့်သောအခါ ပြောသည်သာ

"အရိယာနုဥ္ဇိပယုတ္တာဝါစာ နဝမ နုတ္တံ" ဟူသောစကား သည် လာဘ်အပူဇော်သက္ကာရ စသည်တို့ကြောင့်ကား မပြော၊ တပါးသောအခါ ပြောသင့်ရာကာလတို့၌ကား ပြောဆိုသေး၏ ဟူသော အကြွင်းအကျန်ထား၍သိရ ပေမည်။

ထို့ကြောင့် ပါဠိတော်ဒီဃဋ္ဌကထာ၌—

ပရိနိဗ္ဗာနကာလေ ဟိ အန္တရာ ဝါ၊
အတိကစ္ဆိယမာနေန ဥပသမ္ပန္နဿ ဘုတံ
အာရောစေတုံ ဝဋ္ဋတိ။

ဟိသစ္စံ၊ မှန်၏။ ပရိနိဗ္ဗာနကာလေ ဝါ၊ ပရိနိဗ္ဗာန် ပြုသောအခါ၌ရင်း။ အန္တရာ ဝါ၊ တပါးသောအခါ၌ရင်း။ အတိကစ္ဆိယမာနေန၊ အနိုင်အထက် မေးသဖြင့်။ ဥပ-သမ္ပန္နဿ၊ ရဟန်း ပဉ္စင်းဖြစ်သောသူအား။ ဘုတံ၊ ဟုတ်မှန် သော စျာန် မဂ် ဖိုလ်တရားကို။ အာရောစေတုံ၊ ပြော ကြားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏—

ဟူ၍ မိန့်ဆိုရကား ပရိနိဗ္ဗာန်စံခါနီး အခါကာလ၌ရင်း၊ အနိုင်အထက်ပြု၍ မေးရာ၌ရင်း ရဟန်း ပဉ္စင်းဖြစ်သော

သူအား ပြောကြားသင့်၏။ လူသာမကောတို့အား ပြောကြားရန်အခွင့်ကိုကား မိန့်ဆိုတော်မမူခဲ့ချေ။

## ထိုမှတပါး ပြောကြားနိုင်ရာ ခွင့်အခါ

မထင်ရှားသော ရွာငယ်တရွာ၌ မထေရ်ကြီးတပါးနှင့် မထေရ်ငယ်တပါးတို့သည် ဆွမ်းခံဝင်လျက် ရွာတွင်းသို့ လှည့်လည်ကြစဉ် ရှေးဦးစွာသော အိမ်တအိမ်မှ ပူပူနွေးနွေး တယောက်ချိုမျှသော ယာဂုကလေးကို ရရှိကြကုန်၏။

ထိုအခါ မထေရ်ကြီးသည် လေနာရောဂါရှိရကား "ဤယခု ရလာသော ယာဂုပူပူကလေးသည် ငါ၏ လေနာရောဂါနှင့် သင့်လျော်လှပေ၏၊ ဤယာဂုမအေးမီ ငါ သောက်အံ့" ဟု ကြံလျက် တံခါးခုံပြုလုပ်ထားသော သစ်သားတုံး၌ ထိုင်တော်မူကာ သုံးဆောင်တော်မူသည် ရှိသော် မထေရ်ငယ်သည် "ဤရဟန်းကြီးသည် အလွန်ငတ်မွတ်စွာ၏။ ငါတို့အား ရှက်စဖွယ်ကို ပြုဘိ၏" ဟု ကဲ့ရဲ့ပြောဆိုလေ၏။

ထိုရဟန်းနှစ်ပါးတို့သည် ဆွမ်းခံရွာမှ ဖဲခွဲ၍ ကျောင်းသို့ ပြန်ရောက်ခဲ့သည်ရှိသော် မထေရ်ကြီးသည် မထေရ်ငယ်အား "ငါ့ရှင် သင့်အား ဤသာသနာတော်၌ ထောက်

တည်ရာ ရှိပြီလော။ (ဝါ) မဂ်တပါးပါးကို ရပြီလော”ဟု မေးတော်မူ၏။

ထိုအခါ “အရှင်ဘုရား တပည့်တော်သည် သောတာပတ္တိမဂ်ကို ရပြီးပါပြီဘုရား”ဟု မထေရ်ငယ်က ပြန်ကြား လျှောက်ထားလေရာ “ငါ့ရှင် ထိုသို့ဖြစ်ခဲ့လျှင် အထက် မဂ်အကျိုးငှါ အားထုတ်ခြင်းကို မပြုနိုင်တော့။ သင်သည် ရဟန္တာကို စွပ်စွဲမိသော အရိယူပဝါဒကံ ထိုက်လေပြီ”ဟု မထေရ်ကြီးက ပြောဆိုသော သာဓကကို ထောက်ဆ၍ သူတပါးက မေးမြန်းစိစစ်မှုရှိသော်လည်း မိမိအရိယာ၏ အဖြစ်ကို ဖော်ထုတ်ပြောဆို၍ အရိယူပဝါဒကံ ထိုက်သော သူအား တောင်းပန်စေ၏။ ထို့ကြောင့် ဥတ္တရိမနုဿဓမ္မကို မပြောအပ်ဟု ဆိုသော်လည်း လာဘ်အပူဇော်သက္ကာရကို ငဲ့ကွက်၍ကား မပြောအပ် မပြောသင့်ချေ။ အရိယူပဝါဒကံ ထိုက်သောသူအား သနားသဖြင့် ထိုကံမှ လွတ်စေရန် အလို့ငှါ ပြောသည်ဆိုလျှင် ပြောသင့်၏-ဟူသော သဘော ယုတ္တိကိုနှင့် နှိုင်းညှိ၍ သိနိုင်ပေရာ၏။

## ရဟန္တာမဟုတ်သူကို ရဟန္တာဟုဆို

ရဟန္တာမဟုတ်သူကို ရဟန္တာဟု ပြောဆိုသောသူသည် အဘယ်သို့သော အကျိုးအပြစ်ကို ခံစားရမည်နည်း ဟူသော အမေးပုစ္ဆာ စကားရပ်၌ ရဟန္တာမဟုတ်သူကို ရဟန္တာဟု ပြောဆိုခြင်းသည်ကား–

၁။ ရဟန္တာ မဟုတ်သော သီလဝန္တ ပုထုဇဉ် ပုဂ္ဂိုလ်အား ရဟန္တာဟုထင်မှတ်၍ ဖြူစင်သော စိတ်ဓာတ်ဖြင့် ရဟန္တာဟု သမုတ်ခြင်း၊ တမျိုး၊

၂။ ရဟန္တာမဟုတ်သော ဒုဿီလပုထုဇဉ်ပုဂ္ဂိုလ်, သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ရဟန္တာ မဟုတ်ဟု သိလျက် လာဘ်လာဘကို မျှော်လင့်၍ ရဟန္တာဟု သမုတ်ခြင်းတမျိုး၊

၃။ ရဟန္တာ မဟုတ်သော မက္ခလိ ဂေါသာလကဲ့သို့သော ဒုဿီလ ပုထုဇဉ်ပုဂ္ဂိုလ်မျိုးအား လာဘ်လာဘကို ငဲ့၍ဖြစ်စေ၊ မငဲ့ကွက်ပဲ ဖြစ်စေ ရဟန္တာဟု သမုတ်ခြင်းတမျိုး—

ဤသို့အားဖြင့် သုံးမျိုးသုံးစား ရှိပေသည်။ ထိုသုံးမျိုးသုံးစားတို့တွင် ရဟန္တာမဟုတ်သော သီလဝန္တ ပုထုဇဉ် ပုဂ္ဂိုလ်အား ရဟန္တာဟုထင်မှတ်၍ ဖြူစင်သော စိတ်ဓာတ်ဖြင့် ရဟန္တာဟု သမုတ်ပြောဆိုခြင်း, ဆည်းကပ်ကိုးကွယ်ခြင်းမျိုးသည် အပြစ်မရှိချေ။ ကောင်းကျိုးချမ်းသာတို့နှင့်သာလျှင် ပြည့်စုံနိုင်ပေရာ၏။

(သာမကကိုပြုရသော်) ဘုရားရှင် လက်ထက်တော်အခါက သဒ္ဒါတရားနှင့် ပြည့်စုံသော ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်ရာတွင် "ရဟန္တာ အရှင်

ကောင်းတို့ ကြွတော်မူကြပါကုန်လော့၊ ရဟန္တာ အရှင်ကောင်းတို့ ထိုင်တော်မူကြပါကုန်လော့၊ ရဟန္တာ အရှင်ကောင်းတို့ ဘုဉ်းပေးတော်မူကြပါကုန်လော့"ဟု ရဟန္တာဟူသော ထင်မှတ်မှုဖြင့် ရဟန္တာဟူသော စကားလုံးတို့ကို သုံးနှုန်းပြောဆို၍ ပင့်ဖိတ်လေ၏။

ရဟန်းတော် အရှင်သူမြတ်တို့ကလည်း "ငါတို့သည် ရဟန္တာများ မဟုတ်ကြကုန်၊ ဤပုဏ္ဏားသည် ရဟန္တာဟူသော စကားလုံးတို့ဖြင့် သုံးနှုန်းခေါ်ငေါ်၏။ ငါတို့သည် အဘယ်သို့ ပြုကျင့်ရပါကုန်အံ့နည်း"ဟု သံသယကုက္ကုစ္စဖြစ်၍ ရှင်တော်မြတ်ဘုရားအား လျှောက်ထားကြလေသော်"အနာပတ္တိ ဘိက္ခဝေ ပသာဒဘဏိတေ၊ ရဟန်းတို့ ကြည်ညို၍ ပြောဆိုရာ၌ အာပတ်မသင့်"ဟု ခွင့်ပြုတော် မူခဲ့လေ၏။

ဤသာဓကေ၌ ပုထုဇဉ်ရဟန်းကို ရဟန္တာဟု သမုတ်ပြောဆိုသော ပုဏ္ဏားသည် မည်သည့်အပြစ်ရှိ၏ဟု ပါရာဇိကကဏ္ဍ ပါဠိတော်၌ရှင်း၊ ထိုဝတ္ထုသာဓကေ၏အဖွင့် သံဃာနာ ဖြစ်သော အဋ္ဌကထာ ဋီကာတို့၌ရှင်း ဖွင့်ဆိုထားမှုများ စိုးစဉ်းမျှ မရှိသောကြောင့် အပြစ်မရှိ အပြစ်မသင့်ဟု မှတ်ယူရပေမည်သာ ဖြစ်သတည်း။ ထိုသို့ အပြစ်မသင့်သည်ထက်လည်း—

ရဟန္တာစစ်တမ်း ၃—ပ-မ-သ-စ

တံ ပနဿ ပသာဒဘာညံ သဒ္ဓါဝရိတတ္တာ
အတ္တနော သဒ္ဓါဗလေန သမုဿာပတိတဿ ဝစနံ။

ဟူသော ပါဠိဖြင့်ပင်လျှင် ထိုပုဏ္ဏားသည် သဒ္ဓါစရိုက်ရှိသည်၏အဖြစ်ကြောင့် သဒ္ဓါတရား၏ အစွမ်းအားဖြင့် ဆိုကြောင်းကို သမ္ဘာဝနတ္ထ ချီးမွမ်းသော အနက် ပါရှိသော စကားရပ်ဖြင့်ပင်လျှင် အဋ္ဌကထာဆရာ ဖွင့်ဆို၍ထားရှိသည်ကိုလည်း သတိပြုသင့် လှပေသေးသည်။ ထို့ကြောင့် ရဟန္တာမဟုတ်သော သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ်အား ရှိုးသားပြူစင်သော သဒ္ဓါတရားဖြင့် ရဟန္တာဟု ထင်မှတ် ပြောဆိုမှု ကိုးကွယ်ဆည်းကပ်မှုတို့သည် ပုည-ကြီးယာကုသိုလ်ခုသည်သာလျှင် တိုးပွါးဖွယ်ရာ ရှိပေသည်။

ဤအရာ၌ သတိပြုဖွယ် စကားတရပ်ကို ကြားညှပ်၍ဆိုဦးအံ့၊ ရဟန္တာမဟုတ်ပဲ ရဟန္တာဟု သမုတ်ခြင်းခံရသော ရဟန်းသည် သူတပါးကပင် သမုတ် ပြောဆိုပါသော်လည်း ထိုသို့ ပြောဆို သမုတ်ခြင်းကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာသောသင်္ကန်း-သင်္ကန်း-ကျောင်း-ဆေး-ပစ္စည်းလေးပါးတို့ကို ပျော်ပါး ရွှင်လန်းစွာဖြင့် မသုံးဆောင်အပ်၊ မသုံးဆောင်ထိုက်ချေ။

ထို့ကြောင့် ပါရာဇိကကဏ္ဍ အဋ္ဌကထာ၌—

ဓေဝ ဝုစ္စမာနေန ပန ဘိက္ခုနာ န ဟဋ္ဌတုဋ္ဌေ-
နေဝ ပစ္စယာ ပရိဘုဉ္ဇိတဗ္ဗာ "အရဟတ္တသမ္ဘာ-

ပိကံ ပဋိပဒံ ပရိပူရေယျာသိဘိ ဝေံ ယောဂေါ
ကရဏီယော။

ဝေံ၊ ဤသို့။ ဝုစ္စမာနေနေ၊ ရဟန္တာဟု ဆိုအပ်သည်ရှိသော်။ ဘိက္ခုနာ ပန၊ ရဟန်းသည်ကား။ ဟဋ္ဌတုဋ္ဌေနေဝ၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍သာလျှင်။ ပစ္စယာ၊ ဆွမ်းစသော ပစ္စည်းတို့ကို။ န ပရိဘုဥ္ဇာတဗ္ဗာ၊ မသုံးဆောင်အပ်ကုန်။ အရဟတ္တသမ္ပာပိကံ၊ ရဟန္တာအဖြစ်သို့ ရောက်စေတတ်သော။ ပဋိပဒံ၊ အကျင့်ကို။ ပရိပူရေယျာသိတိ၊ ဖြည့်ကျင့်တော်မူအံ့ဟူ၍။ ဝေံ၊ ဤသို့၊ ယောဂေါ၊ လုံ့လကို။ ကရဏီယော၊ ပြုအပ်၏—

ဟူ၍ မိန့်ဆိုရကား "ငါသည် ရဟန္တာ၏အဖြစ်သို့ ရောက်စေတတ်သော အကျင့်ကို ဖြည့်ကျင့်တော်အံ့"ဟုနှလုံးသွင်းကြံဆ၍ ကမ္မဋ္ဌာန်းကို ကြိုးအားထုတ်ရန် သင့်လှပေ၏။

## လာဘ်ကိုမျှော်ကာ မပြောရာ

၂။ ရဟန္တာမဟုတ်သော ဒုဿီလပုထုဇဉ်ပုဂ္ဂိုလ်၊ သီလဝန္တပုထုဇဉ် ပုဂ္ဂိုလ်တို့အား ရဟန္တာမဟုတ်ဟု သိလျက် လာဘ်အပူဇော်ကို မျှော်လင့်၍ ရဟန္တာဟု ပြောဆိုခြင်းသမုတ်ခြင်းမျိုးကို မပြောဆိုအပ် မသမုတ်အပ်ချေ။

သီလဝန္တပုထုဇဉ်ကို ရဟန္တာဟုသမုတ်ရာ၌ သမုတ်ခံရသောပုဂ္ဂိုလ်သည် ထိုက်သင့်သလောက် သီလဖြင့်

စင်ကြယ်ပါသော်လည်း သမုတ်သောပုဂ္ဂိုလ်မှာ ပင်ကိုယ် မူလထားရှိရင်း သဘောထားကပင် မချိုးမဖြောင့်ရကား လိမ်လည်မှု မုသာဝါဒကံ သင့်ရောက် နေပေသည်၊ ထို မုသာဝါဒ ကံကြောင့် အပါယ်ငရဲသို့ ကျရောက် ရမည်သာဖြစ်ပေ၏။ ဤသို့ ဖြစ်ရန်အချက် ထိုသူ့အတွက် တကွက်မျှမရှိချေ။ ထို့ကြောင့် စတုက္ကင်္ဂုတ္တရပါဠိတော် ကမ္မဝဂ် မုသာဝါဒီသုတ်၌—

> စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။ ကတမေဟိ စတူဟိ။ အတ္တနာ စ မုသာဝါဒီ ဟောတိ။ ပရဉ္စ မုသာဝါဒေ သမာဒပေတိ။ မုသာဝါဒေ စ သမနုညော ဟောတိ။ မုသာဝါဒဿ စ ဝဏ္ဏံ ဘာသတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ လေးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယပါလေဟိ၊ ငရဲထိန်းတို့သည်။ အာဘတံ၊ ဆောင်ယူ၍။ နိက္ခိတ္တော ယထာ၊ ချထားအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ၊ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ချထားအပ်၏။ စတူဟိ၊ လေးပါးကုန်သော။ ကတမေဟိ ဓမ္မေဟိ၊ အဘယ်တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယပါလေ-

ဟိ၊ ဇရဲထိန်းတို့သည်။ အာဘာတ၊ ဆောင်ယူ၍။ နိက္ခိတ္တော ယသာ၊ ချထားအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ချထားအပ်သနည်း။ အတ္တနာ၊ မိမိသည်။ မုသာဝါဒီ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သော စကားကို ဆိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဥ္စ၊ သူတပါးကိုလည်း။ မုသာဝါဒေ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ မုသာဝါဒေ စ၊ ချွတ်ယွင်း ဖောက်ပြန် မမှန်သောစကား၌လည်း။ သမနုညော၊ နှစ်သက်ခြင်းရှိ တတ်သည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒဿ စ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား၏လည်း။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ဆို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ လေးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယပါလေဟိ၊ ငရဲထိန်းတို့သည်။ အာဘာတ၊ ဆောင်ယူ၍။ နိက္ခိတ္တော ယသာ၊ ချထားအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ချထားအပ်၏။

အဓိပ္ပါယ်အကျဉ်း မြန်မာပြန် သွင်းဦးအံ့။

၁။ ချစ်သားရဟန်းတို့ မိမိသည် ချွတ်ယွင်းဖောက်ပြန် မမှန်သောစကားကို ဆိုခြင်း။

၂။ သူတပါးကိုလည်း ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား၌ ဆောက်တည်စေခြင်း။

၃။ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား၌ နှစ်သက်ခြင်း။

၄။ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား၏ ဂုဏ်ကျေးဇူးကို ဆိုခြင်း။

ဤလေးပါးနှင့် ပြည့်စုံသောသူသည် ငရဲ၌ကျရောက်ရပေမည်ဟူ၍ ဟောတော်မူသည်ကို မျှော်ထောက်၍ မုသာဝါဒကံ၏ အပြစ်ကြီးလေးမှု ကြောက်မက်ဖွယ်ရာ အပြစ်စုမှ ကောင်းကောင်းကြီး ရှောင်ရှားသင့်လှပေသတည်း။

## ဒုဿီလကို ရဟန္တာဟုဆို

ဒုဿီလ ပုထုဇဉ်ပုဂ္ဂိုလ်ကို ဒုဿီလမှန်းသိလျက် လာဘ် လာဘကို မျှော်ဆ၍ ရဟန္တာဟု သမုတ်ပြောဆိုရာ၌ သီလဝန္တ ပုထုဇဉ်ဟု သိလျက်နှင့် ရဟန္တာဟု သမုတ်ပြောဆိုသောသူ၏ အပြစ်ထက် ကြီးလေးသော မုသာဝါဒကံ သင့်ရောက်ပေတော့၏။ ထိုစကားကို ထင်ရှားစေဦးအံ့။ ရဟန္တာမဟုတ်သော ဒုဿီလပုဂ္ဂိုလ် ကို မိမိလည်းဆည်းကပ် သူတပါးကိုလည်း ဆည်းကပ်စေသောကြောင့် စက်ဆုပ် အပ်သည်ဖြစ်၍ မမှီဝဲ မဆည်းကပ်ထိုက်သောသူကို မိမိလည်း မှီဝဲဆည်းကပ် သူတပါးကိုလည်း မှီဝဲဆည်းကပ်စေသည် မည်၏။

ထိုသို့ မှိဝဲဆည်းကပ်သောကြောင့် ပစ္စုပ္ပန်၌ ကျင်ကြီးတွင်းသို့ ကျရောက်နေသော မြွေကို ဆယ်ယူသော ယောကျ်ားမိုက်သည် မိမိကို ထိုမြွေမကိုက်ခဲ့သော်လည်း ကျင်ကြီးဖြင့် လိမ်းကျံခြင်းကို ခံရဘိသကဲ့သို့ ထိုဒုဿီလ၏ ပြုပုံမူပုံ ဒုစရိုက်အမှုသို့ အတုလိုက်သည်ဖြစ်စေ မလိုက်သည်ဖြစ်စေ "ဤသူသည် ယုတ်မာသော ဒုဿီလပုဂ္ဂိုလ်တည်းဟူသော အဆွေခင်ပွန်း အမှီသဟဲ ရှိသောသူတည်း" ဟူသော မကောင်းသော ကျော်စောခြင်း ဂုဏ်သတင်းယုတ်ညံ့ခြင်းတို့သည် ဖြစ်ကြကုန်လတ္တံ့။

တမလွန်ဘဝ၌လည်း ကျင်ကြီးတွင်းသို့ ကျရောက်သော မြွေကိုဆယ်ယူသော ယောကျ်ားမိုက်ကို ထိုမြွေသည် ကိုက်ခဲခဲ့သည်ရှိသော် သေမူလည်း သေရာ၏။ သေလောက်သော ဆောဂါဝေဒနာကိုလည်း ခံစားရပေရာ၏။ ထို့အတူ ထိုဒုဿီလ၏ အမူအရာ အတုအပသို့ လိုက်သည်ရှိသော် ဒုစရိုက်မှုတို့ကိုလည်း ကျူးလွန်မိရာ၏။ ဒုစရိုက်ကံကြောင့်လည်း အပါယ်ငရဲ၌ နစ်မွန်းဖွယ်ရာရှိပေသည်။

ထို့ကြောင့် ရှေးပညာရှိကြီးများတို့သည်—

ယုတ်သူရှောင်ခွါ၊ တူစွာပေါင်းအပ်၊ ကိုယ့်ထက်မြတ်၊ ပေါင်းအပ်လွန်မင်းစွာ—

ဟူ၍ စပ်ဆိုမိန့်ကြားတော်မူခဲ့ကြလေသည်။ အင်္ဂုတ္တရနိကာယ တိကနိပါတ ပါဠိတော် ဇိဂုစ္ဆိတဗ္ဗသုတ်၌လည်း—

နိဟီယတိ ပုရိသော နိဟီနသေဝီ၊
န စ ဟာယေထ ကဒါစိ တုလျသေဝီ။
သေဋ္ဌ မုပနမံ ဥဒေတိ ခိပ္ပံ၊
တသ္မာ အတ္တနော ဥတ္တရိံ ဘဇေထ။

နိဟီနသေဝီ၊ မိမိအောက် သီလသမာဓိစသော ဂုဏ်နှင့် ယုတ်သောသူကို မှီဝဲလေ့ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ နိဟီယတိ၊ သီလသမာဓိစသော ဂုဏ်မှ ဆုတ်ယုတ်၏။ တုလျသေဝီ၊ မိမိနှင့် သီလသမာဓိစသော ဂုဏ်နှင့် တူသောသူကို မှီဝဲလေ့ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ကဒါစိ၊ တခုံတခါမျှ။ န စ ဟာယေထ၊ သီလသမာဓိစသော ဂုဏ်မှ မယုတ်လျော့ရာ။ သေဋ္ဌံ၊ မိမိထက် သီလသမာဓိ စသောဂုဏ်ဖြင့် မြတ်သောသူသို့။ ဥပနမံ ဥပနမန္တော၊ ညွတ်ကိုင်းသောသူသည်။ ဥဒေတိ၊ သီလသမာဓိစသောဂုဏ်တို့ဖြင့် တိုးတက်၏။ တသ္မာ၊ ဆိုခဲ့တုံရှောင်းထိုသို့သောအကြောင်းကြောင့်။ အတ္တနာ၊ မိမိထက်။ ဥတ္တရိံ၊ သီလ သမာဓိစသောဂုဏ်ဖြင့် လွန်မြတ်သောသူကို။ ဘဇေထ၊ ဆည်းကပ်မှီဝဲရာ၏——

ဟူ၍ ဟောတော်မူသောကြောင့် ဒုသီလပုဂ္ဂိုလ်နှင့် မိမိသည်လည်း မပေါင်းသင်းအပ် မပေါင်းသင်းထိုက်၊ ပေါင်းသင်းမှီဝဲရန် သူတပါးကိုသည်း မတိုက်တွန်းအပ် မတိုက်တွန်းထိုက်ချေ။ ဒုသီလပုဂ္ဂိုလ်ကို ရဟန္တာဟု

သမုတ်ခြင်းသည် သာမညအမြင်ဖြင့်ကြည့်လျှင်ပေပေါ်ပေါ်ဟု ထင်နိုင်ကြသော်လည်း ရဟန္တာကို ဖြစ်မှားမိသော အရိယူပဝါဒကံနှင့်အတူဘူပင် ကြီးလေးသောအပြစ်ရှိ၏ဟု သိရပေမည်။

အရိယူပဝါဒကံ ဟူသည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်ကို ပြစ်မှားမိသော ကောကာလိကရဟန်း၏ အပြစ်မျိုးကို ဆိုလိုပေသည်။ ကောကာလိကသည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့အား "ယုတ်မာသော အလိုဆိုးရှိ၏၊ ယုတ်မာသောအလိုနိုင်ငံသို့ လိုက်ပါ၏" ဟု စွပ်စွဲပြောဆို၏။ ထိုသို့ပြောဆိုခြင်းကြောင့် ပစ္စုပ္ပန်ဘဝတွင် ခန္ဓာကိုယ်တွင် ဥသျှစ်သီးမှည့်ပမာဏရှိသော အိုင်းအမာများ ပေါက်ကွဲလျက် သွေးတစက်စက်ယိုထွက်ကာ သေရှာသို့ လားရရှာလေသည်။ သေဆုံးပြီးသည့်နောက်တွင် ပဒုမငရဲ၌ ကျရောက် လောင်ကျွက်ခြင်းကို ခံရပေသည်။

ထိုအရိယူပဝါဒကံကို ကျူးလွန်မိသောသူသည် မိမိကျူးလွန်မိသောအပြစ်မှ လွတ်ကင်း စင်ကြယ်လိုပါမူ ပြစ်မှားမိသော ရဟန္တာအရှင်မြတ် သက်တော်ထင်ရှားရှိခဲ့ပါမူကား ထိုအရှင်မြတ်ထံသို့ သွားရောက် ဝန်ချတောင်းပန်ရပေမည်။ ထို ရဟန္တာ အရှင်မြတ်သည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည် ဖြစ်အံ့။ ထိုအရှင်မြတ်၏

အလောင်းတော်ကိုသော်၎င်း၊ အလောင်းတော်တင်ထား ရာ ညောင်စောင်း အင်းပျဉ်ကိုသော်၎င်း၊ မီးသင်္ဂြိုဟ်ရာ ဌာနကို သော်၎င်း သွားရောက် ဝန်ချ တောင်းပန်ရပေ မည်။ ဤသို့ တောင်းပန်ဝန်ချခြင်းကို ပြုခဲ့သော် လူနတ် ချမ်းသာ မဂ်ဖိုလ်ချမ်းသာတို့ကို အကျင့်အားလျော်စွာ ရနိုင်ပေသည်။ ထိုသို့တောင်းပန်ဝန်ချခြင်းကို မပြုခဲ့သော် ငရဲအပါယ်ကို ဘယ်နည်းနှင့်မျှရှောင်တိမ်းမရ ကျရောက် ရမည် အမှန်သာဖြစ်ပေသည်။

အရိယာပုဂ္ဂိုလ်အား ပြစ်မှားမိသော ပုဂ္ဂိုလ်သည် မိမိ၏အရိယူပဝါဒကံမှ ကင်းလွတ်ရန် ကုစားပြုစုပုံနည်းကို အကျယ်သိလိုပါမူ ပါရာဇိကကဏ္ဍအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ(၁၃၄)၌၎င်း၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် (စုတူပပါတဉာဏ်) အဖွင့်၌၎င်း ကြည့်ရှုကြပါကုန်။

ဤဒုဿီလကိုရဟန္တာဟုသမုတ်ပြောဆိုသူသည်လည်း ထို အရိယူပဝါဒကံနှင့် တူသော အပြစ် ရှိကြောင်းကို အောက်ပါ သတပဒီကပုဏ္ဏာ ဝိသဇ္ဇနာဖြင့်ပင် **သိသင့်** ပေသည်။

## မင်းကွန်းဆရာတော်ဘုရားကြီး၏ အမေးပုစ္ဆာ လေးဆစ်ကဗျာ

နှစ်ဦးသား ဗာလတို့ မိုက်ကြသည့်အနေ၊
တဦးသား ဗာလက ရဟန္တာ ကေန္တကို၊
ဤသူလျှင် ဒုဿီလဟု မြွက်ဟတုံပေ။

တဦးမှာ ဒုဿီလကို ရဟန္တာ ကေန္တဟု
ခွန်းနှုတ်က ဖွင့်ချေသည် ဆိုပုံလေလွန်ရိုင်း၊
နှစ်ပါးစုံ ထိုကံညစ်တွင် အပြစ်တွင် ဘယ်က
သေးတယ် မေး၏ချင့်နှိုင်း။

ဤ လေးဆစ်ကဗျာ၏ အဓိပ္ပါယ် ဆိုလိုရင်းမှာ လူမိုက်တယောက်က ရဟန္တာအစစ်ကို ဒုဿီလဟု စွပ်စွဲပြောဆိုမိသော အရိယူပဝါဒကံထိုက်၏။ တယောက်သော လူမိုက်က ဒုဿီလကို ရဟန္တာဟု သမုတ်ပြောဆိုသော အကုသိုလ်ဝစီဒုစရိုက်ကံကို ပြုမိ၏။ ထိုသူနှစ်ယောက်တို့၏ အပြစ်ကံသည် အဘယ်ကံက အပြစ်သာ၍ ကြီးလေးပါသနည်းဟု မေးလိုရင်း အဓိပ္ပါယ်ရှိပေသည်။

## မန်လည် ဆရာတော်ဘုရားကြီး၏ အဖြေဝိသဇ္ဇနာ လေးဆစ်ကဗျာ

နှစ်ဦးသား ဗာလတို့ မိုက်ကြသည့်အနေ၊

တဦးသား ဗာလက ရဟန္တာ ကေန္တကို ဤသူလျှင် ဒုဿီလဟု မြွက်ဟတုံပေ။

တဦးမှာ ဒုဿီလကို ရဟန္တာ ကေန္တဟု ခွန်းနှုတ်က ဖွင့်ချေသည် ဆိုပုလေလွန်ချိုင်း။

နှစ်ပါးစုံ ထိုက်ညစ်မှာ အပြစ်ကယ် အတူရှိတယ် ဖြေ၏မှန်တိုင်း။

ဤဝိသဇ္ဇနာလေးဆစ်ကဗျာ၏ ဖြေဆိုလိုရင်းအဓိပ္ပါယ်မှာ ရဟန္တာကို ဒုဿီလဟု ပြောဆိုမိ၍ အရိယူပဝါဒကံကို ကျူးလွန်မိသူ, ဒုဿီလကို ရဟန္တာဟု ပြောဆိုမိသူ ဤလူမိုက်နှစ်ဦးတို့၏ အပြစ်သည် တူညီကြ၏ဟု ဖြေကြားတော်မူခဲ့ပေသည်။ ထိုပရိယတ္တိဝိသာရဒ ပဋိပတ္တိမာမက ဖြစ်တော်မူကြသော မင်းကွန်း ဆရာတော်ဘုရားကြီး မန်လည် ဆရာတော်ဘုရားကြီးတို့၏ အမေး အဖြေ ပုစ္ဆာဝိသဇ္ဇနာ လေးဆစ်ကဗျာတို့ကို ကဗျာဟူသော သာမညအမြင်ဖြင့် မလေးမစား မပြုသင့်ချေ။ ထိုကဗျာသည် မည်သူဘဦးတယောက်ကို စောင်းချိတ် ပြစ်တင်လိုစိတ် ရှိတော်မူကြ၍ ရေးတော်မူကြသည်မဟုတ်ချေ၊

ကဗျာ မည်ကာမျှ မတ္တမဟုတ်ပဲ ပါဠိအဋ္ဌကထာ ဋီကာ တို့နှင့် ညှိနှိုင်း၍ အများသိစေရန် ရည်သန်ရင်း သမ္မာဆန္ဒတို့ဖြင့်သာ မေးမြန်းဖြေဆိုရေးသားထားတော်မူခဲ့သော ပုစ္ဆာဝိသဇ္ဇနာကဗျာများ ဖြစ်ကြပေသည်။

ထိုကဗျာကို ရေးရာတွင် ဆရာတော်ကြီးများ ကိုးကား ရည်ရွယ်တော်မူသော ပါဠိတော်သာဓကကို အနက်မြန်မာနှင့်တကွ ထုတ်ပြခဲ့ပေဦးအံ့။

ယော နိန္ဒိယံ ပသံသတိ၊
တံ ဝါ နိန္ဒတိ ယော ပသံသိယော။
ဝိစိနာတိ မုခေန သော ကလိံ၊
ကလိနာ တေန သုခံ န ဝိန္ဒတိ။

ယော၊ အကြင်လူမိုက်သည်။ နိန္ဒိယံ၊ ကဲ့ရဲ့ထိုက်သော ဒုဿီလပုဂ္ဂိုလ်ကို။ ပသံသတိ၊ ရဟန္တာဟု ချီးမွမ်း၏။ ယော၊ အကြင် ရဟန္တာပုဂ္ဂိုလ်သည်။ ပသံသိယော၊ ချီးမွမ်းထိုက်၏။ တံ ဝါ၊ ထိုချီးမွမ်းထိုက်သော ရဟန္တာပုဂ္ဂိုလ်ကိုလည်း။ နိန္ဒတိ၊ အန္တိမ ဝတ္ထုဖြင့် စောဒနာလျက် ဒုဿီလဟု စွပ်စွဲကဲ့ရဲ့၏။ သော၊ ထိုလူမိုက်သည်။ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ စကားဖြင့်။ ကလိံ၊ အပြစ်ကို။ ဝိစိနာတိ၊ ဆည်းပူးသည် မည်၏။ တေန ကလိနာ၊ ထိုအပြစ်ကြောင့်။ သုခံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ န ဝိန္ဒတိ၊ မရတော့ချေ—

ဟူ၍ အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ ပဌမပဏ္ဏာသက ဘဏ္ဍဂါမဝဂ်၌ရှင်း၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဗြဟ္မသံယုတ် ပဌမဝဂ် တုရူဗြဟ္မသုတ် ကောကာလိကသုတ် စသည်တို့၌ရှင်း ဟောတော်မူခဲ့ပေသည်။ ပရိယတ္တိအမြင်ရှိတော်မူကြသော ရဟန်းကဝိ ရှင်ကဝိ လူကဝိတို့သည် ဤစာစောင်၌ ပါသော "ယော နိန္ဒိယံ" စသော ပါဠိဂါထာနှင့် နှိုင်းယှဉ်၍ အလွယ်တကူ ကြည့်ရှုရန်အလို့ငှါ အဋ္ဌကထာမှ လာသော သံဝဏ္ဏနာအဖွင့်ကို ပါဠိမျှသာ ရေးပြခဲ့ပေအံ့။

နိန္ဒိယန္တိ နိန္ဒိတဗ္ဗံ ဒုဿီလပုဂ္ဂလံ၊ ပသံသတီတိ ဥတ္တမတ္ထေ သမ္ဘာဝေတွာ ခီဏာသဝေါတိ ဝဒတိ။ တံ ဝါ နိန္ဒတိ သော ပသံသိယောတိ ယော ဝါ ပသံသိတဗ္ဗော ခီဏာသဝေါ၊ တံ အန္တိမဝတ္ထုနာ စောဒေန္တော "ဒုဿီလော အယ"န္တိ ဝဒတိ။ ဝိစိနာတိ မုခေန သော ကလိန္တိ သော တံ ပရာဓံ မုခေန ဝိစိနာတိ နာမ။ ကလိနာ တေနာတိ တေန အပရာဓေန သုခံ န ဝိန္ဒတိ။

ဤသို့သော အဋ္ဌကထာဖွင့်နှင့် ဂါထာပါဠိတို့ကို နှိုင်းယှဉ်၍ ကြည့်ရှုတော်မူကြကုန်ရာ၏။ ထိုနောင်တဝ အဋ္ဌကထာဖွင့်ပြခဲ့သည်ကား—

နိဒ္ဒိယပသံသာယ ဟိ ပသံသိယနိန္ဒာယ စ
သမကော ဝိပါကော။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ နိဒ္ဒိယ ပသံသာယ စ၊ ကဲ့ရဲ့ထိုက်သော ဒုဿီလပုဂ္ဂိုလ်ကို ရဟန္တာဟု ချီးမွမ်းခြင်းကြောင့်၎င်း။ ပသံသိယနိန္ဒာယ စ၊ ချီးမွမ်းထိုက်သော ရဟန္တာပုဂ္ဂိုလ်ကို အန္တိမဝတ္ထုဖြင့် စောဒနာ၍ ဒုဿီလဟု ကဲ့ရဲ့ခြင်းကြောင့်၎င်း။ ဝိပါကော၊ ငရဲသို့ ကျရောက်ခြင်းတည်းဟူသော အကျိုးသည်၊ သမကော၊ တူမျှသည် သာလျှင်တည်း။

သာမညဖြစ်သော ဒုဿီလပုထုဇဉ်အား ရဟန္တာဟု သမုတ်ပြောဆိုရာ၌ပင် ဤမျှ အပြစ်ကြီးလေးရကား မဏ္ဍလိဂေါ်သာလကဲ့သို့သော မိစ္ဆာဒိဋ္ဌိ အယူရှိသော တိတ္ထိဘက္ကဒွန်း ဒုဿီလ ပုထုဇဉ်တို့အား ရဟန္တာဟု သမုတ်ပြောဆိုရာ၌ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ သာလွန်၍ အပြစ်ကြီးလေးတော့သည်သာလျှင်တည်း။

ဥပရိပဏ္ဏာသ အဋ္ဌကထာကြီး၌လည်း—

ယာဝ တံ လဒ္ဓိံ နပ္ပဇဟတိ၊ သဂ္ဂေါပိ
မဂ္ဂေါပိ ဝါရိတောယေဝ (မ၊ဋ္ဌ၊၄။၂၆)။

ယေ၊ အကြင်လူမိုက်တို့သည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တံ လဒ္ဓိံ၊ ထိုပုထုဇဉ်ကို

ရဟန္တာဟု ယူဆမိသော မိစ္ဆာအယူကို။ နပ္ပဇဟန္တိ၊ မစွန့်လွှတ်ကြကုန်။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တေသံ၊ ထိုလူမိုက်တို့အား။ သဂ္ဂေါပိ၊ နတ်ရွာသုဂတိကိုရင်း။ မဂ္ဂေါပိ၊ မဂ်ကိုရင်း။ ဝါရိတောယေဝ၊ တားမြစ်အပ်သည်သာလျှင်တည်း ဟူ၍ရင်း—

ဥပရိပဏ္ဏာသဋ္ဌကထာကြီး၌လည်း—

နိန္ဒိယေ ပုထုဇ္ဇနဘာဝေ ဌိတံ ပါသံသံ အရိယဘာဝံ အာရောပေတွာ မိစ္ဆာလဒ္ဓိံ အဘိနိဝိဿ ပဂ္ဂယှ ဝေါဟရဏတော သဂ္ဂေါပိ ဝါရိတောယေဝ (မ၊ဋ္ဌ၊၃။၂၄၂)။

နိန္ဒိယေ၊ ကဲ့ရဲ့ထိုက်သော။ ပုထုဇ္ဇနဘာဝေ၊ ပုထုဇဉ်၏အဖြစ်၌။ ဌိတံ၊ တည်သောသူကို။ ပါသံသံ၊ ချီးမွမ်းထိုက်သော။ အရိယဘာဝံ၊ အရိယာ၏အဖြစ်သို့။ အာရောပေတွာ၊ တင်၍။ တံ မိစ္ဆာလဒ္ဓိံ၊ ထိုမှားယွင်းသော မိစ္ဆာအယူကို။ အဘိနိဝိဿ၊ သက်ဝင်နှလုံးသွင်း၍။ ပဂ္ဂယှ၊ ချီးမြှောက်၍။ ဝေါဟရဏတော၊ ပြောဆိုခြင်းကြောင့်။ သဂ္ဂေါပိ၊ နတ်ရွာသုဂတိကိုရင်း။ မဂ္ဂေါပိ၊ မဂ်ကိုရင်း။ ဝါရိတောယေဝ၊ တားမြစ်အပ်သည်သာလျှင်တည်း—

ဟူ၍ရင်း မိန့်ဆိုအပ်ကုန်၏။ ဤသို့သော ဘုရားဟောဖော် ပါဠိတော်အစ-အဋ္ဌကထာအလယ်-ဋီကာဝယ်

အဆုံး အားလုံးသော ပညာရှိ အကျော်အမော်တို့က အသီးအသီး အဝဝ သတိပေးတော်မူခဲ့ကြပါ၍ ဒုဿီလ ပုထုဇဉ်ကို ရဟန္တာအသွင် ပြုလုပ်ကျက် မည်သည့်နည်း နှင့်မျှ မဆည်းကပ်ထိုက် မပူဇော်ထိုက်ကြောင်းကို သတိ ပြုပေရာ၏။

## ထိုအပြစ်ကို-ပျောက်စေလိုသော်

ယခု ပြဆိုခဲ့သည့်အတိုင်း သာမည ဒုဿီလ ပုထုဇဉ် ကိုဖြစ်စေ မိစ္ဆာဒိဋ္ဌိအယူရှိသော မက္ခလိဂေါသာလကဲ့သို့ သော ဒုဿီလပုထုဇဉ်ကိုဖြစ်စေ လာဘ်လာဘကိုငဲ့ကွက်၍ သော်၎င်း၊ မငဲ့ကွက်မူ၍သော်၎င်း၊ ရဟန္တာဟု ပြောဆို စွဲယူမိခဲ့သော် ထိုအပြစ်မှ ပျောက်ကင်းလိုပါမူ "ပျက်အစဉ် ပြင်ခဏ" ဆိုသောစကားအတိုင်း ပညာရှိ တဦးတယောက် ထံတွင် အယူဝါဒ မှားယွင်းမိခဲ့ကြောင်းကို ပြောဆိုဝန်ချ ၍ ထိုအယူကိုစွန့်ပယ်လျှင် ထိုအပြစ်ဘို့မှ ကင်းစင်လွင့် ပျောက်လျက် အကျင့်အားလျော်သော ကောင်းကျိုး ချမ်းသာတို့နှင့် ပြည့်စုံခြင်းသို့ ရောက်နိုင်ပေသည်။

မိစ္ဆာအယူကိုပယ်ဖျောက်၍ ကောင်းကျိုးချမ်းသာသို့ ရောက်ဘူးသော သာဓကကိုဆိုဦးအံ့။ ဘုရားရှင်လက်ထက် တော်အခါ တိတ္ထိတို့အား ဘုရားဟု ထင်မှတ်စွဲယူ၍ တိတ္ထိ တို့၏ အလုပ်အကျွေးဖြစ်သော သူရမ္ဗဋ္ဌသူဌေးသည် ဘုရား

ရှင်၏ တရားတော်ကို နာကြားရသောကြောင့် မိစ္ဆာအယူကို ပယ်ဖျောက်လျက် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ခဲ့ဘူးလေသည်။

ဤတွင် "ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံပြောဆိုသော ရဟန်းနှင့် ရဟန္တာ မဟုတ်သူကို ရဟန္တာဟု သမုတ်သောသူတို့သည် အဘယ်သို့သော အကျိုးအပြစ်ကို ခံစားရမည်နည်း" ဟု မေးသော အမေးပုစ္ဆာနှင့် စပ်လျဉ်း၍ ဖြေဆိုအပ်သော အဖြေဝိသဇ္ဇနာကား ပြီးပြီ။

## ရဟန္တာ ဖြစ် မဖြစ် စိစစ်ရန်

၃။ ရဟန္တာ ဟုတ်သည် မဟုတ်သည်တို့ကို မည်ကဲ့သို့ ခွဲခြားဝေဖန်၍ သိရ မည်နည်း ဟူသော အမေးပုစ္ဆာ၏ ဝိသဇ္ဇနာကို ဥပရိပဏ္ဏာသ ပါဠိတော်မှလာသော (ဆဗ္ဗိသောဓနေ) သုတ်ကို မှတည်၍ ရေးသားဖြေဆိုပေအံ့။ သို့သော်လည်း ပါဠိတော်မှလာသော စကားရပ်တို့သည် ရှည်လျားကျယ်ဝန်းလှသဖြင့် ပါဠိဝါကျများကို သာဓကမထုတ်တော့ပဲ သရုပ်သကန် ထင်မြင်လွယ်စေရန် မြန်မာစကား သက်သက်မျှဖြင့်သာ လိုရင်းအကျဉ်းချုပ်၍ ရေးသား ထုတ်ပြပေတော့အံ့။ သာဓကပါဠိကို အလိုရှိကြသူ ရဟန်းရှင်လူ ပညာရှိတို့သည် ထိုဥပရိပဏ္ဏာသ ပါဠိတော်ကြီး၌သာ ဖွင့်ရှု၍ ယူတော်မူကြပါကုန်။

အဘယ့်ကြောင့် ဤဆဗ္ဗိသောဓနသုတ်ကို မှတ်ရ သနည်း ...ဟု မေးခဲ့သော် ရှင်တော်မြတ်ဘုရား ကိုယ်တော် တိုင်ကပင် အရှင်အာနန္ဒာအား တစုံတယောက်သောသူ သည် ရဟန္တာဟု ဝန်ခံပြောဆိုလာခဲ့သော် ရဟန္တာ ဟုတ် မဟုတ် စစ်တန်းထုတ်၍ သုတ်သင်ရှင်းလင်းရန် အချက်ကြီး ခြောက်ချက် ဌာနကြီး ခြောက်ဌာနတို့ကို ဟောပြတော် မူခဲ့သော သုတ်ဖြစ်သောကြောင့် ဤဆဗ္ဗိသောဓနသုတ် သည် မေးအပ်သော ပုစ္ဆာကို ဖြေဆိုရာ၌ အံဝင်ဂွင်ကျ လျော်ကန်သင့်မြတ်လှသည့်အတွက် မှတ်ထား၍ ဖြေဆို ရပေသတည်း။

အခါတပါး၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ ဟောကြားတော်မူ၏။ ချစ်သားအာနန္ဒာ ဤငါ ဘုရားသာသနာတော်၌ တစုံတယောက်သော ရဟန်းသည် "အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီ' ဟု ဝန်ခံပြောဆို လာငြားအံ့။ ထိုသို့ ဝန်ခံပြောဆိုလာသော စကားကို အဆောတလျင် နှစ်သက်ဝမ်းမြောက်မှုကိုသည်း မပြုအပ် သေးချေ၊ ထိုရဟန်း၏ စကားကိုသည်း မတားမြစ်အပ် ချေ။ ထိုသို့ နှစ်သက်ဝမ်းမြောက်မှု-ပိတ်ပင်တား မြစ်မှုကို မပြုသေးပဲ ဤဆိုလတ္တံ့သော ခြောက်ဌာနတို့ဖြင့် မေး စိစစ်ရပေမည်။

## ပဌမဒွာနဖြင့် စိစစ်ပုံ

၁။ ငါ့ရှင် သင်သည် ရဟန္တာဖြစ်ခဲ့ပြီးအံ့၊ ငါ့ရှင်သည် မျက်စိဖြင့်မြင်ရာ၌ရင်း-နားဖြင့် ကြားရာ၌ရင်း-နှာခေါင်းဖြင့် နံရာ၌ရင်း-လျှာဖြင့် လျက်ရာ၌ရင်း-ကိုယ်ဖြင့် တွေ့ထိရာ၌ရင်း-စိတ်ဖြင့် သိရာ၌ရင်း-တဏှာဖြင့် သာယာခြင်း-ဒိဋ္ဌိဖြင့် ငါ သူတပါး ယောကျ်ား မိန်းမဟု ယူဆခြင်း မရှိမူ၍ အာသဝတရားတို့မှ ကင်းလွတ်ပါ၏လော-ဟု မေးမြန်းစိစစ်အပ်၏။

ဤသို့ မေးမြန်းစိစစ်ခဲ့သော် "မြင်ရာ ကြားရာ နံရာ လျက်ရာ တွေ့ထိရာ သိရာတို့၌ တဏှာဒိဋ္ဌိမကပ်ငြိပဲ အာသဝတရား လေးပါးတို့မှ ကင်းလွတ်ပါပြီ" ဟု ဝန်ခံပြောဆိုလာသော် "သာဓု" ဟုဆိုလျက် နှစ်သက်ဝမ်းမြောက်အပ်၏။ ဤကား ပဌမပုစ္ဆာဖြင့် မေးမြန်း စိစစ်ပုံတည်း။

(အမှာစကား) ဥပရိပဏ္ဏာသ ပါဠိတော်၌ ပဌမစိစစ်ခန်းတွင် ဒိဋ္ဌ-သုတ-မုတ-ဝိညာတ-ဟု ဝေါဟာရ လေးပါးဖြင့် မေး စိစစ်ပုံလာ၏။ ဒိဋ္ဌဟူသည် မြင်ခြင်းပင်တည်း။ သုတဟူသည် ကြားခြင်းပင်တည်း။ မုတဟူသည် နံခြင်း-လျက်ခြင်း-တွေ့ထိခြင်းပင်တည်း။ ဝိညာတဟူသည် စိတ်ဖြင့်သိခြင်းပင်တည်း။ ထို့ကြောင့် မြင်လွယ်ထင်လွယ်သော စကားလုံးတို့ဖြင့် သုံးစွဲလိုက်ရပေသတည်း။

## ဒုတိယဌာနဖြင့် စိစစ်ပုံ

၂။ ထိုသို့ ပဌမ ပုစ္ဆာဖြင့် မေးမြန်း စိစစ်ပြီး နောက် တဖန် ထပ်မံ၍ ဒုတိယပုစ္ဆာဖြင့် မေးမြန်း စိစစ်အပ်၏။

ငါးရှင် သင်သည်

၁။ ရူပုပါဒါနက္ခန္ဓာ

၂။ ဝေဒနုပါဒါနက္ခန္ဓာ

၃။ သညုပါဒါနက္ခန္ဓာ

၄။ သင်္ခါရုပါဒါနက္ခန္ဓာ

၅။ ဝိညာဏုပါဒါနက္ခန္ဓာ–

ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌လည်း တဏှာဖြင့် သာယာခြင်း၊ ဒိဋ္ဌိဖြင့် ငါသူတပါး ယောကျ်ား မိန်းမဟု ယူဆခြင်း မရှိမူ၍ အာသဝတရား လေးပါးတို့မှ ကင်းလွတ်ပါ၏လော-ဟု မေးမြန်း စိစစ်အပ်၏။

ဤသို့ စိစစ်မေးမြန်းခဲ့သော် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ တဏှာဒိဋ္ဌိဖြင့် မကပ်ငြိပဲ အာသဝလေးပါးတို့မှ ကင်းလွတ်ပါပြီ-ဟု ဝန်ခံပြောဆိုလာသော် “သာဓု” ဟုဆိုလျက် နှစ်သက်ဝမ်း မြောက်အပ်၏။ ဤကား ဒုတိယပုစ္ဆာဖြင့် မေးမြန်း စိစစ်ပုံတည်း။

## တတိယဌာနဖြင့် စိစစ်ပုံ

၃။ ထိုသို့ ဒုတိယပုစ္ဆာဖြင့် မေးမြန်း ဂိစစ်ပြီး နောက် တဖန် ထပ်မံ၍ တတိယပုစ္ဆာဖြင့် မေးမြန်း စိစစ်အပ်၏။ ငါရှင် သင်သည်—

၁။ ပထဝီဓာတ်

၂။ အာပေါဓာတ်

၃။ တေဇောဓာတ်

၄။ ဝါယောဓာတ်

၅။ အာကာသဓာတ်

၆။ ဝိညာဏဓာတ်

ဟု ဆိုအပ်သော ဓာတ်ခြောက်ပါးတို့၌လည်း တဏှာဖြင့် သာယာခြင်း ဒိဋ္ဌိဖြင့် ငါသူ့ဥစ္စာဟု စွဲလမ်း မှားယွင်း ယူဆခြင်းမရှိမူ၍ အာသဝေါတရား လေးပါးတို့မှ ကင်းလွတ် ပါ၏လောဟု မေးမြန်းစိစစ်အပ်၏။

ဤသို့မေးမြန်းစိစစ်ခဲ့သော် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ ဝိညာဏဟုဆိုအပ်သော ဓာတ် ခြောက်ပါး ဘို့၌ လည်း တဏှာဒိဋ္ဌိဘို့ဖြင့် မကပ်ငြိဘဲ အာသဝေါတရား လေးပါးတို့မှ ကင်းလွတ်ပါပြီဟု ဝန်ခံပြော ဆိုလာသော် "သာဓု" ဟုဆိုလျက် နှစ်သက်ဝမ်းမြောက် အပ်၏။ ဤကား တတိယ ပုစ္ဆာဖြင့် စိစစ်မေးမြန်းပုံတည်း။

## စတုတ္ထ ဈာနဖြင့် စိစစ်ပုံ

ထိုသို့ တတိယပုစ္ဆာဖြင့် မေးမြန်းစိစစ်ပြီးနောက်တဖန် ထပ်မံ၍ စတုတ္ထပုစ္ဆာဖြင့် မေးမြန်းစိစစ်အပ်၏။ ငါ့ရှင် သင်သည်....

၁။ စက္ခာယတန

၂။ သောတာယတန

၃။ ဃာနာယတန

၄။ ဇိဝှါယတန

၅။ ကာယာယတန

၆။ မနာယတန

ဟုဆိုအပ်သော အဇ္ဈတ္တိကာယတန ခြောက်ပါး၊

၁။ ရူပါယတန

၂။ သဒ္ဒါယတန

၃။ ဂန္ဓာယတန

၄။ ရသာယတန

၅။ ဖောဋ္ဌဗ္ဗာယတန

၆။ ဓမ္မာယတန

ဟုဆိုအပ်သော ဗာဟိရာယတနခြောက်ပါး။ ဤအာယတန တဆယ့်နှစ်ပါးတို့၌လည်း တဏှာဖြင့်သာယာခြင်း ဒိဋ္ဌိဖြင့်

ငါသူတပါးယောကျာ်း မိန်းမဟု ယူဆခြင်းမရှိမူ၍ အာသဝ
တရားလေးပါးတို့မှ ကင်းလွတ်ပါ၏လောဟု မေးမြန်းစိစစ်
အပ်၏။

ဤသို့ မေးမြန်းစိစစ်ခဲ့သော် အာယတန တဆယ့်
နှစ်ပါးတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ငြိဘဲ အာသဝတရား
လေးပါးတို့မှ ကင်းလွတ်ပါပြီဟု ဝန်ခံပြောဆိုလာသော်
"သာဓု" ဟု ဆိုလျက် နှစ်သက် ဝမ်းမြောက်အပ်၏။
ဤကား စတုတ္ထပုစ္ဆာဖြင့် စိစစ်မေးမြန်းပုံတည်း။

(အမှာစကား) ယခုပြဆိုလတ္တံ့သော (၅) ဌာနနှင့်
(၆)ဌာန စိစစ် မေးမြန်းခန်းတွင် ပါဠိတော်၌ အထူး
ခွဲခြား၍ပြင် မလာသော်လည်း အဋ္ဌကထာ၌–

> ဧတ္ထ ဟိ စတ္တာရော ဝေါဟာရာ၊ ပဉ္စ ခန္ဓာ၊
> ဆ ဓာတုယော ဆ အဇ္ဈတ္တိက ဗာဟိရာနိ အာယ-
> တနာနိ၊ အတ္တနော သဝိညာဏကကာယော၊
> ပရေသံ သဝိညာဏက ကာယောတိ ဣမေ
> ဆကောဋ္ဌာသာ ဝိသုဒ္ဓါ၊ တသ္မာ ဆဗ္ဗိသောဓနို-
> ယန္တိ ဝုတ္တံ။

ဟု မိန့်ဆိုသည်ကို ထောက်ဆ၍ ဆိုလတ္တံ့သော စကား
ရပ်တို့ကို (၅) ဌာန အရ မိမိ၏ သဝိညာဏကန္ဒရင်း၊
(၆) ဌာနအရ သူတပါး၏ သဝိညာဏကန္ဒရင်း၊ မေးမြန်း
စိစစ်ခြင်းဟု မှတ်ယူရာ၏။

## ပဌမဈာနနှင့် ဆဋ္ဌဈာနတို့ဖြင့် စိစစ်ပုံ

၅-၆။ ထိုသို့ စတုတ္ထပုစ္ဆာဖြင့် မေးမြန်းစိစစ်ပြီး နောက်ဘယ်န် ထပ်မံ၍ ပဌမပုစ္ဆာ ဆဋ္ဌပုစ္ဆာတို့ဖြင့် မေး မြန်း စိစစ်အပ်၏။ ငါ့ရှင်–သင်သည် သဝိညာဏကခေါ် ဤမိမိ၏ သက်ရှိခန္ဓာကိုယ်ဟု ဆိုအပ်သော အလုံးစုံသော အာရုံတို့၌ငှင်း၊ သဝိညာဏကခေါ် သူတပါး၏ သက်ရှိ ခန္ဓာကိုယ်ဟုဆိုအပ်သော အလုံးစုံသော အာရုံတို့၌ငှင်း၊ အဟင်္ကာရခေါ်သော မာန၊ မမင်္ကာရခေါ်သော တဏှာ တို့ကို ပယ်နုတ်အပ်ပြီးပြီလော ဟု မေးမြန်းစိစစ်အပ်၏။

ဤသို့ မေးမြန်းစိစစ်ပြီးနောက် ယခု ဆိုလတ္တံ့သော တရားအစုတို့သည် ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့အား ရဟန္တာဟု ဖြေဆိုခြင်းငှါ လျော်လျောက်ပတ်သော အလင်္ကာတရားစုတို့ပေတည်း။ ထိုတရားအစုတို့ဖြင့်လည်း လေ့လာအပ်၏။

ရဟန္တာ ဖြစ်ပြီးသောသူသည် သူတပါး၏ အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမရှိ၊ အလုံးစုံသောသတ္တဝါအပေါင်း တို့အား သနားခြင်းအစီးအပွါးဖြင့် စောင့်ရှောက်ခြင်း ရှိ၏။

အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမရှိ။ ပေးအပ်သောဥစ္စာကိုသာ လိုလား ယူငင်လေ့ရှိခြင်း။

ရွာသူရွာသား အိမ်၌နေသူ လူအများတို့၏ အကျင့်ဖြစ်သော မမြတ်သော မေထုန်အမှုကို ပြုကျင့်လေ့မရှိခြင်း။

မဟုတ်မမှန် ဖောက်ပြန်သောစကား ချွတ်ယွင်းသော စကားတို့ကို ပြောဆိုခြင်းမရှိ။ မှန်ကန် ယုံကြည်လောက်သော စကားကိုသာ ပြောဆိုလေ့ရှိခြင်း။

သူနှစ်ယောက်တို့၏ အချစ်ကို ဖျက်ဆီးတတ်သော ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမရှိ။ သဘောထားကွဲပြားပြီး သူတို့ကို ညီညွတ်ရေးအတွက် စေ့စပ်သောစကားကိုသာဆိုတတ်ခြင်း။ ညီညွတ်ပြီးသော သူတို့ကိုလည်း ထို့ထက် အလွန်ညီညွတ်ရန် ထပ်ဆင့်အားပေးသော စကားကိုသာဆိုတတ်ခြင်း၊ ညီညွတ်သော သူတို့၏နေရာအရပ် ညီညွတ်သောသူတို့၌သာ မွေ့လျော်နှစ်သက်ခြင်း ညီညွတ်ခြင်းကို ပေးတတ်သော စကားကိုသာ ပြောဆိုတတ်ခြင်း။

ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုမှုမရှိခြင်း၊ အပြစ်မရှိ သာယာနားပျော်ဖွယ် ချစ်မြတ်နိုးဖွယ်ရှိသော စကားကိုသာ ပြောဆိုခြင်း၊ ယဉ်ကျေးသိမ်မွေ့သော စကားကိုသာ ပြောဆိုခြင်း။

လောကုတ်ရော လောကီပါ ဘယ်ဆီမှာမှ အကျိုးမရှိသည့် ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမရှိ၊ အခါအခွင့် သင့်သောစကား ဟုတ်မှန်သောစကား အကျိုးအကြောင်းနှင့် စပ်သော စကား ဆုံးမခြင်းနှင့် စပ်သော စကားကိုသာ ပြောဆိုခြင်း။

ဗိဘင်္ဂါမ် ဘူဘဂါမ်ဟု ဆိုအပ်သော မြက်သစ်ပင်အပေါင်းတို့ကို ဖျက်ဆီးခြင်း၊ ကိုယ်တိုင်နုတ်ယဉ်ခြင်းတို့ကို ပြုလုပ်မှုမရှိခြင်း။ (အပ်သော ကပ္ပိယ စကားတို့ဖြင့်ကား လူသာမဏေတို့အား စေခိုင်းခြင်းကို ပြုလုပ်နိုင်၏။)

နံနက်ခင်းဘုင် တဆပ်တည်းသာ စားလေ့ရှိခြင်း။ ညဥ့်အခါစားမှု နေလွဲသောအခါစားမှုမရှိခြင်း။

ကိုယ်တိုင်ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတပါးတို့ကို ကစေခြင်း၊ သီဆိုစေခြင်း၊ တီးမှုတ်စေခြင်းတို့ကို မပြုလုပ်ခြင်း၊ ထိုကခြင်း သီဆိုခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်မှုမရှိခြင်း။

ပန်းပန်မှု နံ့သာလိမ်းမှု နံ့သာပျောင်းတို့ဖြင့် အခြေအပြုဂ်ပြုမှု မရှိခြင်း၊ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်မှုမှ ရှောင်ကြဉ်ခြင်း။

ရွှေ ငွေ ကျောက်သံပတ္တမြားတို့ကို ကိုယ်တိုင်အလှူခံမှု၊ သူတပါးကို အလှူခံစေမှုတို့မှ ရှောင်ကြဉ်ခြင်း။

(ရွှေ ငွေကို အလှူခံမှုဟူသည် အိမ်စဉ်လှည့်၍ အလှူခံခြင်း၊ ဘုရားပွဲ ကျောင်းပွဲ တရားပွဲတို့၌ အလှူခံခြင်း၊ တဦးတယောက်သော ဒါယကာတို့က သဒ္ဓါ၍ လာရောက်လှူဒါန်းခြင်းမျိုးတို့ကို ခံယူခြင်းတို့ပါဝင်လေသည်။)

စပါး၊ ပြောင်း၊ ပဲ စသော သစ်သီး စိမ်းကို အလှူခံမှုမှ ရှောင်ကြဉ်ခြင်း။

ဆိတ်သား၊ ဝက်သား၊ ကြက်သား၊ အမဲသားစသော သားစိမ်း ငါးစိမ်းတို့ကို အလှူခံမှုမှ ရှောင်ကြဉ်ခြင်း။

လူဒါယကာတို့၏ အမှာစကားကြီးငယ်တို့၌ တမန်အဖြစ်နှင့် သွားခြင်း၊ အခစာအပါးခံ၍သွားခြင်းတို့ကို အားထုတ်မှုမှ ရှောင်ကြဉ်ခြင်း။

ပစ္စည်းဥစ္စာ ဝယ်ခြင်း ရောင်းခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

အလေးချိန်ခွင် မမှန်မကန်ပြုခြင်း၊ တင်းတောင်း မမှန်မကန်ပြုခြင်း၊ ရွှေတု ငွေတုပြုလုပ်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

တံစိုးလက်ဆောင် ယူမှု၊ လိမ်လည် လှည့်ပတ်မှု၊ ကောက်ကျစ်စဉ်းလဲမှု ပြုခြင်းမှ ရှောင်ကြဉ်ခြင်း။

သတ်ဖြတ်နှောင်ဖွဲ့မှု၊ လုယက်ဖျက်ဆီးမှု၊ နှိုင်ထက်စီးနင်းပြု၍ ဒမြတိုက်မှုတို့မှ ရှောင်ကြဉ်ခြင်း။ ထိုတရား

စုတို့သည် ရဟန္တာပုဂ္ဂိုလ်ဘို့အား လျော်ကန်လျောက်ပတ်သော အကျင့်တရားစုဘို့ပေတည်း။

ထိုထက်အလွန်လည်း ရဟန္တာပုဂ္ဂိုလ်သည်ဝတ်လောက်ရုံမျှသော သင်္ကန်း၊ စားလောက်ရုံမျှသော ဆွမ်းတို့ဖြင့်သာ ရောင့်ရဲတင်းတိမ်နိုင်ပေသည်။ ဥပမာအားဖြင့် ငှက်သတ္တဝါသည် အကြင်အမွေးအတောင်ဖြင့် ကောင်းကင်၌ ပျံသန်းသွားလာနိုင်၏။ ကိုယ်ခန္ဓာ၌ ရာသီဥတုအပူအအေးဘို့ကို မျှတစေ၏။ အကြင်နှုတ်သီးဖြင့် အစာရေစာကို စားသောက်မှီဝဲရ၏။ ထို အမွေးအတောင် ထိုနှုတ်သီးသည်သာလျှင် ထိုငှက်သတ္တဝါ၏ စောင့်ရှောက်ရန် ထမ်းပိုး ရွက်ဆောင်ရန် ဝန်ရှိ၏။ ထိုအမွေးအတောင် နှုတ်သီးဖြင့်သာလျှင် ရောင့်ရဲတင်းတိမ်နိုင်၏။ ထို့အတူ အကြင်သင်္ကန်းဖြင့် ခန္ဓာကိုယ်၌ ဟိရိဩတ္တပ္ပကိုထိန်းသိမ်းကာကွယ်ရန် ဝတ်ရုံဖုံးလွှမ်းရ၏။ ကိုယ်ခန္ဓာ၌ အချမ်း အပူစသော ရာသီဥတုတို့ကို မျှတစေရ၏။ မှက်၊ ခြင်၊ ယင်၊ စသည်တို့၏ ကိုက်ခဲခြင်း အတွေ့ဘို့ကိုရင်း၊ လေ နေပူစသည်တို့၏ အတွေ့အထိဘို့ကိုရင်း ကာကွယ်ရ၏။ အကြင် သပိတ်ဖြင့်စားသောက်ရန် ဆွမ်းအာဟာရကို ရှာမှီးရ၏။ ထိုသင်္ကန်း ထိုသပိတ်သည်သာလျှင် ထိုရဟန်း၏ စောင့်ရှောက်ရန် ထမ်းပိုးရန် ဝန်ရှိရပေ

မည်။ ထိုသင်္ကန်း သပိတ်ဖြင့်သာလျှင် ရောင့်ရဲတင်းတိမ် နိုင်ရပေမည်။

ရဟန္တာပုဂ္ဂိုလ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော ဟု ဆိုအပ်သော ခြောက်ပါးသော ဒွါရတို့ဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိ စိတ်ဖြင့် သိအပ်သော သဘောတရားစုတို့ကို မြင်ရာ ကြားရာ နံရာ လျက်ရာ တွေ့ထိရာ စိတ်ဖြင့်သိရာ အခါကာလတို့၌ ယောကျ်ားဟူ၍ရင်း၊ မိန်းမဟူ၍ရင်း၊ လှ၏ဟူ၍ရင်း၊ မလှ၏ဟူ၍ရင်း၊ အမှတ် နိမိတ်ကို စွဲယူလေ့မရှိချေ။ လက်ခြေသဏ္ဌာန် ပြုံးပြန် ရယ်ဟန်ဟူသော အမှတ်နိမိတ်ကို စွဲယူလေ့မရှိချေ။ ဤသို့လျှင် ဣန္ဒြေခြောက်ပါးတို့အား စောင့်စည်းအပ်သော ဣန္ဒြိယ သံဝရတရားတို့နှင့် ပြည့်စုံရကား ကိလေသာတို့နှင့် မရောမယှက်သော ချမ်းသာကို ခံစား ရပေမည်။

ရဟန္တာပုဂ္ဂိုလ်သည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ တည့်တည့်ကြည့်ရာ စောင်းငဲ့၍ကြည့်ရာတို့၌ ပညာဖြင့် ဆင်ခြင်နိုင်ရပေမည်။ ခြေလက်တို့ကို ဆန့်တန်းရာ ကွေးညွတ်ရာတို့၌လည်း ပညာဖြင့် ဆင်ခြင် နိုင်ရပေမည်။ သင်္ကန်း သပိတ် ပရိက္ခရာတို့ကို သုံးဆောင်ရာတို့၌လည်း ပညာဖြင့် ဆင်ခြင်နိုင်ရပေမည်။ စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့၌လည်း ပညာဖြင့် ဆင်ခြင်နိုင်ရပေမည်။

ကျင်ကြီး ကျင်ငယ်ပြုရာ၊ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးကြားရာ၊ စကားပြောဆိုရာ၊ စကားမပြောပဲ မဆိုပဲ တိတ်ဆိတ်စွာ နေထိုင်ရာတို့၌သည်း ပညာဖြင့် ဆင်ခြင်နိုင်ရပေမည်။ လိုရင်းအချုပ်မှာ အိပ်ပျော်သည်မှအာ ဉာဏ်ပညာနှင့်သာ ယှဉ်၍ နေရပေမည်။ အကုသိုလ်ဖြစ်စေနိုင်သော စိတ်အစုများ ပေါ်မလာပဲ နေနိုင်စေရမည် ဟူလိုသည်။

ရဟန္တာပုဂ္ဂိုလ်သည် ဤဆိုအပ်ခဲ့ပြီးသော နည်းတို့ဖြင့် ဖြူစင်သော သီလ အကျင့်နှင့်ရင်း၊ ရောင့်ရဲလွယ်ခြင်းနှင့်ရင်း ပြည့်စုံသည်ဖြစ်၍ လူတို့မှ ကင်းဆိတ်သော ကျောင်းအိပ်ရာ နေရာ သို့ရင်း၊ ဟောအရပ် တောင်အရပ် ချောက်ကမ်းပါးအရပ်သို့ရင်း၊ သစ်ပင်ရင်း သုသာန် တောအုပ်လွင်တီးခေါင် ကောက်ရိုးပုံအရပ်သို့ရင်း မှီဝဲဆည်းကပ်လျက်သာ နေရပေမည်။ ဆွမ်းခံ ဆွမ်းစားပြီးသည်မှနောက်ကာလ၌ ဆွမ်းခံရွာ ဆွမ်းစားဇရပ်မှ ဖဲခွါခဲ့ပြီးသော် ထက်ဝယ်ပွဲခွေ ထိုင်နေလျက် ကိုယ်အထက်ပိုင်းကိုဖြောင့်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိပြုကာ ထိုင်နေရပေမည်။

ရဟန္တာပုဂ္ဂိုလ်သည် သူတပါးစည်းစိမ်ကို ရှေးရှုကြံတတ်သော လောဘအဘိဇ္ဈာမှရင်း၊ ဖောက်ပြန်ခြင်းသို့ ရောက်ကြောင်းဖြစ်သော မိမိလည်း ပျက်စီး၊ သူတပါးကိုလည်း

ဟု ဆုံးဖြတ်ရမည်။ ဌာနတခုခုမှ ချွတ်ယွင်းခဲ့ပါမူ ရဟန္တာ မဟုတ် ဟူသော သဘာဝတွေကို သိကြပေရာ၏။

ဤကား ပါဠိတော်လာ ရဟန္တာ ဟုတ် မဟုတ် စစ်တမ်းထုတ်နည်း ထုတ်ပုံတည်း။

ပါဠိတော်နည်း ပြီး၏။

---

## စစ်နည်းခြောက်ဖြာ အဋ္ဌကထာ

ဤ ရဟန္တာ ဟုတ်သည် မဟုတ်သည် စစ်တမ်းထုတ်ရာတွင် ပါဠိတော်မှ လာသော ခြောက်ဌာန စိစစ်မေးမြန်းနည်းမှတပါး ဥပရိပဏ္ဏာသဋ္ဌကထာ ဆဗ္ဗိသောဓန သုတ်အဖွင့်၌ရင်း၊ ပါရာဇိကကဏ္ဍဋ္ဌကထာ စတုတ္ထပါရာဇိကသိက္ခာပဒ အဖွင့်၌ရင်း လာသော စိစစ်နည်းခြောက်ဌာနကိုလည်း ဖော်ပြလိုက်ပါဦးအံ့။

## ချောန်မဂ်ပိုင်းခြား မေးပုံများ

၁။ တစုံတယောက်သောရဟန်းသည် ချောန်မဂ် ဖိုလ်ကို ရသည်ဟုဆိုလာငြားအံ့။ ထိုရဟန်းကို အရှိအသေ မပြုအပ်သေးချေ။ "ကိံ တေ အဓိဂတံ" သင်သည် ချောန်ကို ရသလား၊ မဂ်လေးပါးတို့တွင် အဘယ်မဂ်ကို ရသနည်းဟု မေးအပ်၏။

ဤသို့ မေးအပ်သည်ရှိသော် "တပည့်တော်သည် ဤမည်သော ဈာန်, ဤမည်သော မဂ်ကို ရပါသည်ဘုရား" ဟု ဖြေဆိုနိုင်ရမည်။ မိမိ ရပြီးသော ဈာန် မဂ် ဖိုလ် တရားမည်သည် အလွန်ထင်ရှားရကား ထင်ရှား ပိုင်နိုင်စွာ မှတ်သားဖြေဆိုနိုင်စွမ်း ရှိရမည်သာတည်း။

ဤကား ရအပ်ပြီးသော ဈာန် မဂ် ဖိုလ်ကို မေးစိစစ်ခြင်း ပထမ အဓိဂမပုစ္ဆာတည်း။

## လက္ခဏာသုံးတန် ဆင်ခြင်ပုံ

၂။ "ကိန္တိ တေ အဓိဂတံ" သင်သည် အဘယ်သို့လျှင် ဈာန်မဂ်ဖိုလ်တရားကို ရသနည်း၊ အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာသုံး ပါးတို့တွင် အဘယ်သို့သော လက္ခဏာကို ဆင်ခြင်၍ ရသနည်း၊ သမထကမ္မဋ္ဌာန်း သုံးဆယ့်ရှစ်ပါး တို့တွင် အဘယ်ကမ္မဋ္ဌာန်းကို အရင်းပြုကာ ပွါးများ၍ ရသနည်း။

(မှတ်ချက်) ကသိုဏ်း ဆယ်ပါး, အသုဘ ဆယ်ပါး, အနုဿတိ ဆယ်ပါး, ဗြဟ္မဝိဟာရ လေးပါး, အာဟာရေပဋိကူလသညာ တပါး, စတုဓာတုဝဝတ္ထာန် တပါး, အာရုပ္ပ လေးပါး-ဟု သမထကမ္မဋ္ဌာန်း လေးဆယ်တို့တွင် အာလောက ကသိုဏ်းကို ဩဒါတ ကသိုဏ်းတွင် ထည့်သွင်း၍ရင်း၊ အာကာသ

ကသိုဏ်းကို အနန္တာကာသတွင် ထည့်သွင်း၍ ရေ
ငင်း ယူထားရကား အာလောက ကသိုဏ်းနှင့်
အာကာသ ကသိုဏ်းကို ကြဉ်၍ ကြွင်းသော သုံး
ဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းစုကို အဋ္ဌတိံသ
ကမ္မဋ္ဌာန်းဟု ဆိုလေသည်။

ရုပ်ကို ဆင်ခြင်၍ ရသလော၊ နာမ်ကိုဆင်ခြင်၍ ရသလော၊ မိမိသန္တာန်၌ဆင်ခြင်၍ ရသလော၊ သူတပါး သန္တာန်၌ ဆင်ခြင်၍ ရသလော·စသည်ဖြင့် မေးစိစစ်အပ်၏။

ဤသို့ မေးအပ်သည်ရှိသော် "တပည့်တော်သည် ဤမည်သော လက္ခဏာကို ဆင်ခြင်၍ ရပါသည်ဟူ၍ငင်း၊ ဤမည်သောကမ္မဋ္ဌာန်းကို ဆင်ခြင်၍ ရပါသည်ဟူ၍ငင်း၊ ဤရုပ် ဤနာမ် ဤသန္တာန်ကို ဆင်ခြင်၍ ရပါသည်ဟူ၍ငင်း" ဖြေဆိုနိုင်ရမည်။ ဈာန်မဂ်ဖိုလ် ရနိုင်ရန် အားသွန်ခွန်စိုက် ပွါးများလာရသော တရားအာရုံသည် အလွန်ထင်ရှား ရကား ပိုင်နိုင်စွာ ဖြေကြားနိုင်စွမ်း ရှိရမည်သာတည်း။

ဤကား ဈာန်မဂ်ဖိုလ်ရနိုင်ရန် အားထုတ်သော ကမ္မဋ္ဌာန်းတရားကို မေးစိစစ်ခြင်း ဒုတိယဥပါယပုစ္ဆာတည်း။

## ရာကာလ မေးမြန်းကြ

၃။ "ကဒါ တေ အဓိဂတံ" သင်သည် အဘယ်အခါ ကာလ၌ ဈာန်မဂ်ဖိုလ်တရားကို ရခဲ့သနည်း၊ နံနက်အခါ၌ ရခဲ့သလော၊ မွန်းတည့်အခါ၌ ရခဲ့သလော၊ ညချမ်းအခါ၌ ရခဲ့သလော၊ မည်သည့်နေ့ မည်သည့်ရက် မည်သည့်လ မည်သည့်နှစ်၌ ရခဲ့သနည်း စသည်ဖြင့် မေးစိစစ်အပ်၏။

ဤသို့ မေးစိစစ်အပ်သည်ရှိသော် "တပည့်တော်သည် ဤသည့်နှစ် ဤသည့်လ ဤသည့်နေ့ ဤသည့်ရက် ဤသည့်အချိန်အခါ၌ ရခဲ့ပါသည်" ဟု ပြောဆိုနိုင်ရမည်။ မိမိ ဈာန် မဂ် ဖိုလ် ရရှိခဲ့သော အချိန် ကာလ ရက် နေ့ လ နှစ်တို့သည် အလွန်ထင်ရှားရကား ကောင်းစွာ ပြောကြားနိုင်စွမ်း ရှိရမည်သာတည်း။

ဤကား ဈာန်မဂ်ဖိုလ်ရသော အချိန်ကာလ စသည်ကို မေးစိစစ်ခြင်း တတိယကာလပုစ္ဆာတည်း။

## အရပ်ဒေသ မေးမြန်းကြ

၄။ "ကတ္ထ တေ အဓိဂတံ" သင်သည် ဈာန်မဂ်ဖိုလ် တရားကို အဘယ်အရပ်၌ ရသနည်း၊ ညဉ့်သန့်စင်ရာ အရပ်, နေ့သန့်စင်ရာအရပ်, သစ်ပင်ရင်း, မဏ္ဍပ်, ကျောင်း စသည်တို့တွင် အဘယ်အရပ်၌ ရခဲ့သနည်း စသည်ဖြင့် မေးစိစစ်အပ်၏။

ဤသို့ မေးစိစစ်အပ်သည်ရှိသော် "တပည့်တော်သည် ဤမည် ဤမည်သော အရပ်၌ ရခဲ့ပါသည်၊ သစ်ပင်ရင်း၌ ရခဲ့ပါသည်-စသည်ဖြင့် ဖြေဆိုနိုင်ရမည်၊ မိမိ ဈာန်မဂ်ဖိုလ် ရရာ ဌာနသည် ထင်ရှားရကား ကောင်းစွာ ဖြေကြားနိုင် စွမ်း ရှိရမည်သာတည်း။

ဤကား ဈာန်မဂ်ဖိုလ်ရသော အရပ်ဒေသကို မေးစိစစ်ခြင်း စတုတ္ထဩကာသပုစ္ဆာတည်း။

## ပယ်ပြီးကိလေ မေးမြန်းပေ

၅။ "ကတမေ တေ ကိလေသာ ပဟီနာ" သင်သည် အဘယ်ကိလေသာတို့ကို ပယ်အပ်ကုန်သနည်း၊ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလော၊ သို့မဟုတ် သကဒါဂါမိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလော၊ အနာဂါမိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလော၊ အရဟတ္တမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်အပ်ကုန်သလော-ဟု မေးစိစစ်အပ်၏၊

ဤသို့ မေးစိစစ်အပ်သည်ရှိသော် "တပည့်တော်သည် ဤမည်ဤမည်သော မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်သတ်အပ်ပါပြီ" ဟု ဖြေကြားနိုင်ရမည်။ အလုံးစုံသော အရိယာတို့သည် ရအပ်ပြီးသောမဂ်ဖြင့် ပယ်အပ်

သော ကိလေသာတို့၌ အလွန်ထင်ရှားရကား ကောင်းစွာ ဖြေကြားနိုင်စွမ်း ရှိရမည်သာတည်း။

ဤကား ရအပ်ပြီးသောမဂ်ဖြင့် ပယ်အပ်သော ကိလေ-သာတို့ကို မေးမြန်းသော ပဋ္ဌမပဟီနကိလေသပုစ္ဆာတည်း။

## မည်သည့်ပုဂ္ဂိုလ် မေးသင့်ဆို

၆။ "ကတမေသံ တွံ မဂ္ဂါနံ လာဘီ" သင်သည် မဂ်လေးပါးတို့တွင် အဘယ်မဂ်ကို ရပြီးသောသူ ဖြစ်သနည်း။ (ဝါ) သင်သည် သောတာပန်လော၊ သကဒါ-ဂါမ်လော၊ အနာဂါမ်လော၊ ရဟန္တာလော-ဟု မေးစိစစ်အပ်၏။

ထိုသို့ မေးစိစစ်အပ်သော် "တပည့်တော်သည် ဤမည် ဤမည်သောမဂ်ကို ရပြီးသောသူတည်း" ဟု ဖြေကြားနိုင်စွမ်းရှိရမည်၊ အလုံးစုံသော အရိယပုဂ္ဂိုလ်တို့အား မိမိ ရအပ်ပြီးသော မဂ်ဖိုလ်တို့သည် အလွန် ထင်ရှားရကား ကောင်းစွာဖြေကြားနိုင်စွမ်း ရှိရမည်သာတည်း။

ဤကား ရပြီးသော မဂ်ဖိုလ်တို့ကို မေးသော ဆဋ္ဌ-ပဋိလဒ္ဓမဂ္ဂပုစ္ဆာတည်း။ ဤသည်လျှင် အဋ္ဌကထာလာ ရဟန္တာ ဟုတ်သည် မဟုတ်သည်ကို စစ်ဆေးထုတ်နည်း ခြောက်ဌာနကား ပြီးပြီ။

## ဤမျှနှင့်သာ မယုံရာ

ဤသို့သော အဋ္ဌကထာလာ ခြောက်ဌာနတို့ဖြင့် မေးစိစစ်ရာတွင် အဆင်ပြေစွာ ဖြေဆိုနိုင်စွမ်း မရှိခဲ့ပါမူ ရဟန္တာမဟုတ်ဟု မှတ်ယူရပေမည်။ အကယ်၍ပင် အဆင်ပြေစွာ ဖြေဆိုနိုင်စွမ်း ရှိခဲ့သော်လည်း ရဟန္တာဟု အကြွင်းမဲ့ မယုံကြည်သင့်သေး၊ ယုံကြည်ခြင်းကို မပြုအပ်သေးချေ။ အဘယ့်ကြောင့်နည်းဟူမူ– စာပေ ဗဟုသုတ များသော ပါဠိအဋ္ဌကထာတို့ကို သင်ကြား တတ်မြောက်ထားကုန်သော ပါပိစ္ဆ ရဟန်းတို့သည်လည်း ဤခြောက်ဌာန ပုစ္ဆာတို့ကို ဖြေဆိုနိုင်ကြပေလိမ့်မည်သာတည်း။

ဤခြောက်ဌာနတို့ဖြင့် စိစစ်၍ မှန်ကန်ခဲ့ပါမူ နောက်တဆင့် တက်လျက် ဈာန်မဂ်ဖိုလ်ရကြောင်း ဖြစ်သော အကျင့်၏ စင်ကြယ်မှု ရှိ မရှိကို စိစစ်သုတ်သင်ရပေဦးမည်။ ထိုရဟန်း၏ အကျင့်သည် ဈာန်မဂ်ဖိုလ်ရကြောင်း အကျင့်မဟုတ်ခဲ့သော် "ဤအကျင့်ဖြင့် ဈာန်ကိုရင်း၊ လောကုတ္တရာမဂ်ဖိုလ်ကိုရင်း မရနိုင်" ဟု ဆိုကာ ပယ်ချရပေမည်။ အကယ်၍ ဈာန်မဂ်ဖိုလ်ကို ရကြောင်း အကျင့်၏ ကောင်းမှန်စင်ကြယ်မှုရှိအံ့။ ကြာမြင့်စွာသော နေ့ ညဥ့်ပတ်လုံး သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့၌ မမေ့မလျော့သော လုံ့လ နိုးကြားခြင်းနှင့် ယှဥ်အံ့။ ကောင်းကင်ပြင်၌ လက်ဖြင့် စမ်းသပ်ရာ၌ တစုံတခုမျှ

ကပ်ငြိဆီးတားမှု မရှိသကဲ့သို့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့၌ မငြိမတွယ်တာသော စိတ်ဖြင့် နေသည်ဖြစ်အံ့။ ထိုရဟန်း၏ ရဟန္တာဟူသော ပြောစကားသည် အကျင့်သီလနှင့် ညီညွတ်လျော်ကန်လှပေသည်။ ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေသည် ညီညွတ်ဘိသကဲ့သို့ ရောယှက်စပ်ဟပ်နိုင်ဘိသကဲ့သို့ ဘုရားဟောတော်မူသော အကျင့်၊ သီလ၊ သိက္ခာလမ်းစဉ်သည်ရင်း၊ နိဗ္ဗာန်သည်ရင်း ထိုရဟန်း၏စကားနှင့် ညီညွတ်ပေသည်ဟု မှတ်သားရပေမည်။ (၀ါ) ရဟန္တာဟု မှတ်သားရန်ရှိပေသည်။ ထိုသို့မညီညွတ်က ရဟန္တာဟုမှတ်သားရန်မရှိချေ။

## ကျမ်းအဋ္ဌကထာ တနည်းလာ

ဤမျှသော အကျင့် သီလ အာစာရတို့ဖြင့်လည်း ရဟန္တာဟူသော အမှတ်ဖြင့် အရိုအသေ ပူဇော်သက္ကာရတို့ကို မပြုအပ်သေးချေ။ အဘယ့်ကြောင့်နည်းဟု မေးဖွယ်ရှိ၏။ အချို့သောရဟန်းတို့အား ပုထုဇဉ်ဖြစ်လျက်လည်း ရဟန္တာ၏ အကျင့်သီလအာစာရနှင့် တူမျှသော အကျင့်သီလ ရှိကြကုန်၏။ ထို့ကြောင့် ရဟန္တာဟူသောအမှတ်ဖြင့် အရိုအသေ မပြုအပ်သေးချေ။ ထိုသို့သော ရဟန်းကို ထိတ်လန့်ဖွယ်ရာ ဥပါယ်တံမျဉ်အဖြာဖြာတို့ဖြင့် ထိတ်လန့်အောင် ပြုလုပ်စမ်းသပ်ကြရာ၏။

ထိုစကားသည် မှန်၏၊ ရဟန္တာတို့မည်သည် မိုးကြိုးစက်ဖြင့် ဦးထက်၌ ပစ်ခွင်းသော်လည်း ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း၊ ကြက်သီး မွေးညင်း ထခြင်းတို့ မရှိကြချေ။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် အနည်းငယ်မျှသော အကြောင်းတို့ဖြင့်လည်း ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြက်သီး မွေးညင်းထခြင်း၊ တုန်လှုပ် ချောက်ချားခြင်း တို့သည် ဖြစ်ကြကုန်၏။ ထိုအကြောင့်ပင်လျှင် ရဟန္တာ ဟုတ်သည် မဟုတ်သည်တို့ကို တုန်လှုပ်ချောက်ချားဖွယ်တို့ဖြင့် စမ်းသပ်ပုံ သာဓကကို ထုတ်ဆို၍ ပြပေဦးအံ့။

## ကြောက်ဖွယ်အာရုံ စမ်းသပ်ပုံ

သီဟိုဠ်ကျွန်းတွင် စန္ဒမုခတိဿ မင်းလက်ထက်၌ မဟာ-ဝိဟာရ ကျောင်းတိုက်တွင်းဝယ် အသက်အရွယ်အားဖြင့် အလွန်ကြီးရင့်ပြီဖြစ်၍ မျက်စိအလင်းမရသော မဟာထေရ်မြတ်ကြီးတပါး သီတင်းသုံး နေထိုင်တော်မူ၏။ ထိုမထေရ်မြတ်သည် အာသဝက္ခယ ရဟန္တာဖြစ်တော်မူ၏။ စန္ဒ-မုခတိဿ မင်းကြီးသည် ထိုမထေရ်မြတ်အား "ရဟန္တာ ဟုတ်လေသလော-ရဟန္တာ မဟုတ်လေသလော" ဟု ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင် ဖြစ်နေပေ၏။

တနေ့သောအခါ စုံစမ်းအံ့ဟု အကြံပြုလျက် မဟာဝိဟာရ ကျောင်းတိုက်တွင်းသို့ ဝင်၍ ရဟန်းတော်များ ဆွမ်းခံသွားစဉ် တခုသောအရပ်၌ တိတ်ဆိတ်စွာ အသာ ခိုကပ်ပုန်းအောင်း၍ နေ၏။ တစုံတယောက်မျှ မရှိခိုက်တွင် မထေရ်မြတ်၏ ခြေတော်ကို မြွေသဏ္ဌာန်ပြုလုပ် ကိုင်တွယ် ခြောက်လှန့်၏။ သို့သော်လည်း ရဟန္တာမထေရ်မြတ်သည် ကြောက်ရွံ့တုန်လှုပ်ခြင်း အလျှင်းမရှိချေ။ ကျောက်တိုင်ကျောက်ခဲကိုကိုင်ဆွဲရဘိသကဲ့သို့ မတုန်မလှုပ် နေလျက်"ဤသူကား အဘယ်သူနည်း"ဟုသာ မေးတော်မူခဲ့ရကား"တပည့်တော် တိဿပါဘုရား"ဟုသာ ပြန်ကြားလျှောက်ထားခဲ့ရပေတော့၏။ ရဟန္တာပုဂ္ဂိုလ်များ ဤကဲ့သို့ ကြောက်ရွံ့ခြင်းမရှိတော့ချေ။

## ကြောက်စိတ်ဝင်လျှင် ပုထုဇဉ်

ရှေးကခါက သီဟိုဠ်ကျွန်း၌ပင်လျှင် ဒီဃဘာဏက မထေရ်သည် တပါးသော ပိဏ္ဍပါတိကမထေရ်၌ ရဟန္တာ ဖြစ်လေသလော ရဟန္တာ မဖြစ်လေသလောဟု ငုံ့စမ်းခြင်းငှါ ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်အောင်ပင် ဖြစ်နေပေ၏။ အကျင့် သီလ သိက္ခာနှင့်တကွ ဣန္ဒြိယ သံဝရတရားတို့မှာ၍ ရဟန္တာနှင့် ခွဲခြားမရ ဖြစ်နေပေ၏။ တနေ့သောအခါ ပိဏ္ဍပါတိက မထေရ်သည် ရေချိုးရန် ကလျာဏီမြစ်သို့ ဆင်းသည်ရှိသော် ဒီဃဘာဏက

မထေရ်သည် ပဥ္စင်းငယ်တယောက်အား တီးပိုးစကား မှာကြားလျက် ရေငုပ်ပြီး မထေရ်၏ခြေကို ဆွဲကိုင်စေ၏။ မထေရ်သည် မိကျောင်းပေသော အမှတ်ဖြင့် တုန်လှုပ်ကြောက်ရွံ့ရကား သည်းထန်စွာ ဟစ်အော်သောအသံကို ပြုလေ၏။ ထိုအခါ ဒီဃဘာဏကမထေရ်သည် ပိဋကပါဠိက မထေရ်ကို ပုထုဇဉ်သာတည်းဟု ဆုံးဖြတ်တော်မူလေ၏။

## သာဓကတဖြာ မှတ်ဖွယ်ရာ

မှတ်သိဖွယ်ရာ သာဓကတခုကို ထုတ်ဆိုဦးအံ့။ ရှေးသရောအခါ သီဟိုဠ်ကျွန်းတွင် တလင်္ဂရတိဿတောင်၌ ပုထုဇဉ်တို့အား တရားထူးရရန် ကမ္မဋ္ဌာန်းပေးရာ၌၎င်း၊ ရနိုးခြင်း အဓိမာန ရှိကြသော ပုဂ္ဂိုလ်တို့အား ဖြေရှင်းမှု ပြုရာ၌၎င်း အထူးကျော်ကြားတော်မူသော အရှင်ဓမ္မဒိန္န မထေရ်မြတ် သီတင်းသုံးနေတော်မူလေသည်။

ရဟန်းပြု၍မှ မကြာမြင့်သေးသော ထိုဓမ္မဒိန္နမထေရ်၏ အဆုံးအမကို နာကြားကြသော ရဟန်းများစွာတို့သည် မဂ်ဖိုလ်မည်ကြူး တရားထူးကို လွယ်ကူစွာ ရခဲ့ကြဘူးလေသည်။ ထိုသို့သော သတင်းစကားကို ကြားကြကုန်သော တိဿမဟာဝိဟာရကျောင်းတိုက်၌ နေသော ရဟန်းသံဃာအပေါင်းသည် ရဟန်းများစွာတို့ကို စေလွှတ်၍ အရှင်ဓမ္မဒိန္နကို ပင့်ခေါ်စေ၏။

မထေရ်မြတ်သည်လည်း ရောက်လာကုန်သော ရဟန်းတို့ကို "အရှင်မြတ်တို့-အရှင်မြတ်တို့သည် မိမိကိုယ်ကိုသာလျှင် ရှာဖွေသင့်သည်-ဟုတ်ပါလော၊ အဘယ့်ကြောင့် သူတပါးကို ရှာဖွေနေကြသနည်း" ဟု မိန့်တော်မူလေလျှင် "သူတော်ကောင်း ဖြစ်သော အရှင်မြတ်-တပည့်တော်တို့သည် မိမိကိုယ်ကိုသာ ရှာဖွေကြပါကုန်အံ့" ဟု ပြန်လည်လျှောက်ထားကြလေကုန်၏။

ထိုအခါ အရှင်ဓမ္မဒိန္နမထေရ်သည် ထိုရဟန်းတို့အား ကမ္မဋ္ဌာန်းတရားကို ပေးတော်မူ၏။ အလုံးစုံသော ရဟန်းတို့သည်လည်း အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ တိဿမဟာဝိဟာရကျောင်း၌ နေကုန်သော ရဟန်းသံဃာအပေါင်းတို့သည်လည်း နောက်ထပ်တဖန် တပါးကုန်သော ရဟန်းတို့ကို စေလွှတ်ကြပြန်ကုန်၏။ ဤကဲ့သို့ သုံးကြိမ်တိုင်တိုင် စေလွှတ်သော်လည်း အလုံးစုံသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၍သာလျှင် ထိုအရှင်ဓမ္မဒိန္န၏ ကျောင်း၌သာလျှင် နေကြကုန်၏။

ထို့နောင်မှ သံဃာတော်အပေါင်းသည် သွားတိုင်းသွားတိုင်းသော ရဟန်းတို့ ပြန်ရောက်မလာရကား တယောက်သော တောထွက်ရဟန်းကြီးကို စေလွှတ်ကြကုန်၏။ ထိုတောထွက်ရဟန်းကြီးသည် အရှင်ဓမ္မဒိန္နမထေရ်ထံသို့ သွား၍ "အရှင်ဓမ္မဒိန္န-တိဿမဟာဝိဟာရကျောင်း၌

နေသော သံဃာတော်အပေါင်းသည် သုံးကြိမ်တိုင်တိုင် သင်၏အထံသို့ စေလွှတ် ခေါ်စေသည် မဟုတ်ပါလော၊ သင်သည် သံဃာ၏ အာဏာကို အလေးဂရုမပြု၍ မလာ သလော”ဟု ပြောဆိုလေ၏။

မမ္မဒိန္နမထေရ်သည် ထိုစကားကိုကြားလေလျှင် မိမိ၏ သစ်ရွက်မိုးကျောင်းသို့ မဝင်တော့ပဲ သပိတ်သင်္ကန်းတို့ကို ယူ၍ ကြွလာခဲ့သည်ရှိသော် လမ်းခရီးအကြား၌ ဟတ္ထိနကျောင်းသို့ ရောက်လေ၏။ ထိုကျောင်း၌လည်း ဝါတော် ခြောက်ဆယ်ကျော်ပြီးသော မထေရ်ကြီးတပါးသည် အရဟတ္တဖိုလ်ကို ရနိုးခြင်း (အဓိမာန) ရှိနေပေ၏။ အရှင်မမ္မဒိန္နမထေရ်မြတ်သည် ထိုမထေရ်ကြီးသို့ ချဉ်းကပ်လျက် ရှိခိုးပြီးသော် အောက်ပါ ပဋိသန္ထာရ စကားကို လျှောက်ကြားလေ၏။

“အရှင်မြတ်ဘုရား–အရှင်မြတ်သည် မဂ်ဖိုလ်မည်ကြူး တရားထူးကို ရပြီးပါပြီလားဘုရား....”

“ငါ့ရှင်မမ္မဒိန္န ငါသည် အရဟတ္တဖိုလ်ကို ရခဲ့သည်မှာ အနှစ်ခြောက်ဆယ် ကျော်ခဲ့လေပြီ ငါ့ရှင်”

“ထိုသို့ဖြစ်လျှင် ယခုအခါ တန်ခိုးဖန်ဆင်းခြင်းငှါ စွမ်းနိုင်ပါသလားဘုရား”

"ငါ့ရှင်မဗ္ဗဒိန္န-စွမ်းနိုင်ပါ၏၊ ငါ့အား တန်ခိုးဖန်ဆင်းခြင်းငှါ ဝန်မလေးချေ"

"အရှင်မြတ်ဘုရား-အရှင်မြတ်အား ဝန်မလေးခဲ့ပါမူ အလုံးစုံဖြူသော နှနစ်တောင်မျှရှိသော ဆင်ဖြူကြီးသည် အစွယ်တို့ဖြင့် ထိုးတော့မည့်ပုံ နှင့် ဝင်ရောက်နင်းတော့မည့် ဟန်ဖြင့် အရှင်မြတ်သို့ ရှေးရှုပြေးလာပုံကို ဖန်ဆင်းတော်မူပါဘုရား" ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် တခုဟုတ်ခြင်း ဖန်ဆင်းတော်မူလေသည်။ အမှတ်တမဲ့ ဖြစ်ရကား မထေရ်မြတ်သည် မိမိဖန်ဆင်းသည့် ဆင်ကို မြင်သည်ရှိသော် ထိတ်လန့်ကြောက်ရွံ့ရကား ထွက်ပြေးစိမ့်သောငှါ အားထုတ်တော်မူလေ၏။ ထိုအခါမှပင်လျှင် မိမိ ရဟန္တာမဟုတ်သည်၏ အဖြစ်ကို သိတော်မူ၍ အရှင်မဗ္ဗဒိန္န ၏ အထံ၌ ကမ္မဋ္ဌာန်းကို တောင်းတော်မူလေသည်။ အရှင်မဗ္ဗဒိန္န၏ အဆုံးအမတွင် တည်လျက် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

ထိုသာဓကကို ထောက်ဆ၍လည်း ကြောက်စိတ် လန့်စိတ်ဝင်လျှင် ပုထုဇဉ်ဟူ၍ပင် ထပ်မံသိမြင် ဆုံးဖြတ် ပေရာသတည်း။

## သာယာဖွယ်နှင့် စုံစမ်းသင့်

ဤအဆုဋ္ဌ အချို့သော ပုထုဇဉ်များသည် အလွန်ရဲရင့်ကုန်၏။ တန်လှုပ်ကြောက်ရွံ့မှု မရှိကြချေ။ ထို့ကြောင့် တပ်နှစ်သက်ဖွယ် သာယာဖွယ်သော အခန်းတို့ဖြင့်လည်း စုံစမ်းသင့်သေး၏။ တပ်နှစ်သက်ဖွယ် သာယာဖွယ် အခန်းနှင့် စုံစမ်းပုံ သာဓကတခုကို ထုတ်ဆိုဦးအံ့

ရှေးအခါက မဟာဂဝ်သိမထေရ်သည် ရဟန်းဖြစ်၍ ငါဝါမျှ မရသေးမီ အချိန်ကာလကပင် သမာပတ် ၈ ပါးလုံးကို ရတော်မူ၏။ ထိုစျာန်သမာပတ်တို့ဖြင့်ပင်လျှင် ကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်လျက် ပါဠိအဋ္ဌကထာတို့ကို သင်တော်မူ၏။ အရိယာမဂ်၏ အနီးဖြစ်သော စကားကိုလည်း ပြောဆိုတော်မူ၏။ ဝါတော်ခြောက်ဆယ် ရသည်တိုင်အောင် မိမိ၏ ပုထုဇဉ်အဖြစ်ကို မသိချေ။ ရဟန္တာဟုသာ ထင်မှတ်နေ၏။

တနေ့သောအခါ မဟာတိဿမထေရ်ကြီး၏ တပည့်ဖြစ်သော ဓမ္မဒိန္နရဟန္တာမထေရ်မြတ် ရောက်ရှိလာကာ ပဋိသာရဏီယကထာ မှတ်သားဖွယ်ရာစကားစုတို့ကို ပြောဆိုကြပြီးနောက်တွင် "အရှင်မြတ်ဘုရား -- အရှင်မြတ်သည် အဘယ်မဂ်ကို ရပြီးပါသနည်း" ဟု မေးမြန်းလျှောက်ကြားလေရာ "ငါ့ရှင်ဓမ္မဒိန္န -- ငါသည် အရဟတ္တမဂ်တည်းဟူသော အရိယာမဂ်တရားကို ရပေပြီ" ဟု ပြန်လည်

ပြောကြားတော်မူ၏။ ထိုအခါ "အရှင်ဘုရား – ထိုအရဟတ္တ မဂ်တည်းဟူသော အရိယာမဂ်တရားကို အဘယ်အခါက ရခဲ့ပါသနည်း"ဟု မေးလျှောက်လေလျှင် "ငါ့ရှင် ငါသည် အရဟတ္တ မဂ်တည်းဟူသော အရိယာ မဂ်တရားကို ရခဲ့သည်မှာ နှစ်ပေါင်း ခြောက်ဆယ်မျှ ကြာမြင့်ခဲ့ချေပြီ" ဟု မိန့်တော်မူ၏။

"ထိုသို့ဖြစ်လျှင် အရှင်ဘုရား ယခုအခါ သမာပတ် ဝင်စား သုံးဆောင်နိုင်ပါ၏လော" ဟု လျှောက်ကြား လေ၏၊ "ငါ့ရှင် ငါ့အား ဝန်မလေးချေ။ သမာပတ်ကို ဝင်စားနိုင်ပေ၏" ဟု မိန့်တော်မူလေသော် "အရှင်ဘုရား ယခု အရှင်ဘုရား၏ မျက်မှောက်အရပ်၌ ကောင်းမြတ် ကြည်လင်သော လေးထောင့် ကန်ကို သမာပတ်ဖြင့် ဖန်ဆင်းတော်မူပါလော့၊ ထိုရေကန်၌ ပဒုမ္မာကြာပန်းရုံ တို့ကိုရင်း၊ ထိုပဒုမ္မာကြာပန်းရုံတို့၌ များစွာသော ပဒုမ္မာ ကြာပွင့်တို့ကိုရင်း၊ ထိုပဒုမ္မာကြာပန်းရုံ၌ ကြာပွင့်များကို ဆွတ်ခူးနေသော တဆယ့်ခြောက်နှစ်အရွယ် လှပတင့်တယ် သော သတို့သမီးပျိုကိုရင်း၊ အသီး အသီး ဖန်ဆင်းတော် မူပါလော့" ဟု စေခိုင်းလျှောက်ထားလေ၏။

မဟာတိဿမထေရ်သည် တပည့် ဓမ္မဒိန္နမထေရ် လျှောက်ထားတိုင်းပင် မဆိုင်းမတွ ဖန်ဆင်းလေ၏။ ထိုနောက်တဖန် "ထိုမိန်းမပျိုကလေးကို လှပတင့်တယ်

ရှုချင်စဖွယ်ရှိ၏ ဟု အဖန် တလဲလဲ သုဘအားဖြင့် နှလုံးသွင်းတော်မူပါလော့”ဟု လျှောက်ကြားလေလျှင် မဟာတိဿမထေရ်သည် တပည့် ဓမ္မဒိန္နထေရ် စေခိုင်းသည့်အတိုင်း သုဘအားဖြင့် နှလုံးသွင်းစဉ် ဝိက္ခမ္ဘနပဟာန်မျှသာ ကိလေသာကို ပယ်ခွါထားရသော သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်အရင်း မပြတ်သေးသော လောဘတဏှာကိလေသာသည် ဘွားကနဲ ဖြစ်ပေါ်လာလေ၏။

ယင်းအခါ၌ မိမိ၏ ရဟန္တာမဟုတ်သေး ပုထုဇဉ်မျှသာဖြစ်သေးသည်၏ အဖြစ်ကို သိတော်မူ၍ တပည့်၏အနီး၌ဆောင့်ကြောင့် ထိုင်လျက် “သူတော်ကောင်း ဖြစ်သောတပည့် ဓမ္မဒိန္န၊ သင်သည် ငါ၏ မှီခိုရာ ဆရာကောင်းဖြစ်ပါလေလော့”ဟုဆိုကာ ကမ္မဋ္ဌာန်းတရား တောင်းလေတော့၏။ အရှင်ဓမ္မဒိန္နသည် အသုဘ ကမ္မဋ္ဌာန်းကိုပေးသည်ရှိသော်မဟာတိဿမထေရ်မြတ်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

## မှတ်ဖွယ်တဝ သာဓက

သီဟိုဠ်ကျွန်းတွင် ဝသဘမင်းလက်ထက်၌ မထေရ်တပါးသည်လည်း အကျင့် သီလ သိက္ခာဖြည့်ကျင့်မှု၊ ဣန္ဒြိယသံဝရတရားကို စောင့်ရှောက်မှုစသည်တို့၌ ရဟန္တာနှင့် မထူးခြားပဲရှိနေရာ ဝသဘမင်းသည် မထေရ်မြတ်

အား နန်းတော်သို့ ပင့်ဆောင်လျက် မထေရ်မြတ် မြင်လောက်ရာအရပ်မှနေ၍ ဆီးသီးမှည့်ကိုဆုပ်နယ်လျက် နေ၏။ မထေရ်မြတ်သည် ရသတဏှာကို မပယ်နိုင်သော ပုထုဇဉ်ဖြစ်ရကား လျှာရည်ယိုကျတော်မူလေ၏။ ထိုသို့သော အခြင်းအရာကို မြင်ရသောကြောင့် ရဟန္တာ မဟုတ်ချေ၊ ပုထုဇဉ်သာတည်းဟု ဆုံးဖြတ်ခြင်းကို ပြုလေ၏။

ဤသို့သော သာဓကကို ထောက်ဆ၍ ရဟန္တာဟု ဝန်ခံသောပုဂ္ဂိုလ် ပေါ်ပေါက်လာခဲ့သော် အဆောတလျင် သက်ဝင်ယုံကြည်မှုကို မပြုသေးပဲ ကျမ်းဂန် ယုတ္တိတို့နှင့် နှိုင်းညှိ၍ရင်း၊ ထိုထိုသို့သော စမ်းသပ်ဖွယ်ရာ နည်းအဖြာဖြာတို့ဖြင့် စုံစမ်း စမ်းသပ်၍ရင်း၊ ယုံကြည်သင့် ယုံကြည်ထိုက်မှ ယုံကြည်ကြကုန်ရာ၏။

ရဟန္တာဟူသည် တပါးသော အရိယာပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်ပဲ အလုံးစုံသော ကိလေသာ အနုသယတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပါ ပယ်သတ်ပြီးသူ ဖြစ်ပေသည်။ အနုသယမရှိခဲ့သော် ပရိယုဋ္ဌာန မနောကံ သည် အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း။ ကင်းပြတ်ပြီး ဖြစ်တော့သည်သာလျှင်တည်း။ သို့သော်လည်း အနုသယ ပြတ်မှု၊ ပရိယုဋ္ဌာန ပြတ်မှုဟူသည် သာမန်ပုထုဇဉ်တို့၏

အမြင်နှင့် ဆုံးဖြတ်နိုင်ဖို့ အရေးကား ဝေးလှပေ၏။ ဘုရားရှင်၏အရာမျှသာ ဖြစ်ချေ သည်။

လောကဥပမာအားဖြင့် မီးရှိသည် မရှိသည် သိလိုလျှင် မီးခိုးကို ကြည့်ရဘိသကဲ့သို့ အနုသယနှင့် ပရိယုဋ္ဌာန ကိလေသာတို့ ပြတ်သည် မပြတ်သည်ကိုလည်း ဝီတိက္ကမ ကိလေသာခေါ်သော ကာယကံမှု ဝစီကံမှုတို့ကို ကြည့်ရှု အကဲခတ်သောအားဖြင့် သိနိုင်ပေသည်။ ထို့ကြောင့် ဒီဃဘာဏကမထေရ်၊ စန္ဒမုခတိဿမင်း၊ ဓမ္မဒိန္နမထေရ်၊ ဝသဘမင်းတို့၏ စမ်းသပ်နည်းမျိုးတို့ဖြင့် စမ်းသပ်ရန် သင့်ပေသည်။

ယခုခေတ်၌ ပေါ်ပေါက်လာသောကားဖြင့် တိုက်မည့်ဟန်၊ ကျည်ဆံမပါသောသေနတ်တို့ဖြင့် ပစ်မည့်ဟန်၊ ရေ တိမ်သော မြစ်ရေ ချောင်းရေအရပ်တို့၌ မသိမသာ လှေ မှောက်သောဟန် စသည့် ကြောက်မက်ဘွယ်ရာတို့ဖြင့် စမ်းသပ်နိုင်ပေသည်။ နှစ်သက်ဖွယ်ရာ အင်္ဂတ်တန်းဆာ အစားအသောက်စု မာတုဂါမ စသည်တို့ဖြင့်လည်း စမ်းသပ် ခြင်းကို ပြုနိုင်ကြလေသည်။ မည်သို့သော အကြောင်းနှင့်မျှ စမ်းသပ်မှု ပြုစေကာမူ တုန်လှုပ် ချောက်ချားမှုမရှိမှသာ ရဟန္တာဟု ဆိုရပေမည်၊ ဆုံးဖြတ် နိုင်ရပေမည်။

## ရဟန္တာပုဏ္ဏိုလ် ဟောဒိလို

ဘုရားရှင်လက်ထက်တော်အခါ သဟာသေယျသိက္ခာပုဒ်ကိုမပညတ်သေးမီ အရှင်အနုရုဒ္ဓါမထေရ်သည် သာဝတ္ထိပြည်သို့သွားစဉ် လမ်းခရီးတွင် အချိန်မလှ ညနေချမ်းကာလ ကျရောက်လာသော် တယောက်သော မိန်းမ၏ အိမ်တွင် ခွင့်ပန် တည်းခိုတော်မူရရှာလေ၏။ ထိုအိမ်ရှင်မိန်းမသည် ကိုယ်ရေအဆင်း ထိန်ဝင်းလှပသော အရှင်အနုရုဒ္ဓါမထေရ်ကို မြင်သည်နှင့်တပြိုင်နက် တပ်နှစ်သက်သော စိတ်တွေ ဖြစ်ပေါ်၍လာပေ၏။

ထိုမိန်းမသည် ပြင်းထန်စွာ တပ်နှစ်သက်သောစိတ်ကို ထိန်းချုပ်ခြင်းငှါ မစွမ်းနိုင်ရကား ညဉ့်အချိန်တွင် အရှင်အနုရုဒ္ဓါသီတင်းသုံးသော အိပ်ခန်းတွင်းသို့ဝင်လာလျက် "အရှင်ဘုရား အရှင်ဘုရားသည်လည်း လှပတင့်တယ်ရှုချင်စဖွယ်ရှိ၏။ တပည့်တော်မသည်လည်း လှပတင့်တယ်ရှုချင်စဖွယ်ရှိ၏။ တပည့်တော်မသည် အရှင်ဘုရား၏ မယားအိမ်သူဖြစ်လိုပါ၏" ဟု လျှောက်ထားလေ၏။

ဤသို့ တကြိမ် နှစ်ကြိမ် သုံးကြိမ် တိုင်အောင် လျှောက်ထားသော်လည်း အရှင်အနုရုဒ္ဓါ မထေရ်သည် ဣန္ဒြိယသံဝရ တရားဘို့ကို စောင့်ထိန်းလျက် ငြိမ်သက်တိတ်ဆိတ်စွာ နေတော်မူ၏။ အိမ်ရှင်မိန်းမသည် စကားဖြင့် လျှောက်ထား၍ မည်သို့မျှ ပြန်လည်ဖြေကြားမှု မရ

သည့်အတွက် တဆင့်တက်လျက် မိမိဝတ်ထားသော အဝတ် အသည်းများကို ချွတ်ပစ်ကာ မထေရ်မြတ်၏ရှေ့မှ လမ်းလျှောက်၍တပြ အိပ်လျက်၍တထွေ ထိုင်နေဟန်တချက် ပြုလုပ်ပြီး ကိုယ်ဟန်ပြလျက် မြူဆွယ်နေသော်လည်း အရှင်အနုရုဒ္ဓါသည် မသိသို့မျှမပြော တုံ့ဆိုဘဲ သာနေကာ မျက်လွှာမျှပင် ပင့်၍မကြည့်ချေ။ ဤအရာ၌ အရှင်အနုရုဒ္ဓါ၏ အဇ္ဈတ္တသန္တာန်၌ အနုသယကိလေသာ ပရိယုဋ္ဌာနကိလေသာတို့ ကင်းပြတ်ပြီးရကား အဘယ်မျှသော ဝိသဘာဂအာရုံတကနှင့် ကြုံတွေ့ရသော်လည်း ဣန္ဒြိယသံ ရာဘေးတို့ကို ချိုးဖောက်ဖျက်ဆီး၍ လျှပ်ပေါ်မှု ဝီတိက္ကမကိလေသာစုတို့ မဖြစ်ကြတော့ပြီဟု သိပေ၏။

## တွေ့ထိသောအခါ မသာယာ

ဘုရားရှင် လက်ထက်တော်အခါကပင် ဥပ္ပလဝဏ်ထေရီမ၏ ဦးရီး၏သားဖြစ်သော နန္ဒလုလင်သည် ဥပ္ပလဝဏ် ထေရီမအား လူဖြစ်စဉ်အခါကပင် တပ်နှစ်သက်သော စိတ်ရှိသေရကား ထေရီမအား ဖျက်ဆီးရန် အခွင့်အခါကိုသာ စောင့်ကြည့်ကာနေလေ၏။ တနေ့သောအခါ ထေရီမ မြို့တွင်းသို့ ဆွမ်းခံကြွစဉ် ထေရီမ၏ ကျောင်းတိုက်ခန်းတွင်းသို့ ဝင်ရောက်ပုန်းအောင်းကာ နေလေ၏။

ဥပ္ပလဝဏ် ထေရီမသည် ဆွမ်းခံပြန်ခဲ့ပြီးသော် ခြေလက်တို့ကို ဆေးလျက် ကျောင်းတိုက်ခန်းတွင်းသို့ဝင်၍

အိပ်ယာညောင်စောင်းထက်၌ လျောင်းစက်စဉ် နန္ဒလုလင်သည် ရုတ်ဘရက် ရှောင်တခင်ထွက်လာပြီး ထေရီမအား နိုင်ထက်စီးနင်း ဗလက္ကာရအမှုကို ပြုလေ၏။ ထိုသို့ပင် ပြုသော်လည်း ထေရီမသည် သာယာခြင်း မရှိချေ။ အားရှိ အားမဲ့ဖြစ်၍ အလျော့ပေးခဲ့ရသော်လည်း မီးကျီးခဲ မီးကျီးတောင့် ကျောက်ခဲ ကျောက်တောင့် ရှားနှစ် တောင့် ရှားနှစ်ငုတ်တို့နှင့် တွေ့ထိရဘိသကဲ့သို့ နှစ်သက် သာယာမှု မရှိချေ။

ဤသာခကသည် အားရှိအားမဲ့ဖြစ်၍ ဗလက္ကာရ အပြုခံရသော်လည်း ရဟန္တာများမှာ သာယာမှုမရှိပုံကို ဖော်ပြသော အချက်ပေတည်း။

## ပုဂ္ဂိုလ်အနာဂါ မသာယာ

ဘုရားရှင် လက်ထက်တော်အခါကပင် မထင်ရှားသော တောထွက်ရဟန်းကြီး တပါးသည် လူဖြစ်စဉ်အခါက ခင်မင်ခဲ့ဘူးသော သားမယားအိမ်သို့ သွားသည်ရှိသော် ခင်ပွန်းဟောင်းသည် "အရှင်ဘုရား လူ့ဘောင်မှ ခွါရှောင်သောနေ့မှစ၍ တသည့်တော်မသည်ရင်း သားသမီးငယ်တို့သည် ရင်း အားကိုးရာမဲ့ ဖြစ်နေခဲ့ရပါသည်ဘုရား၊ အရှင်ဘုရား ပြန်လည်၍ လူ့ဘောင်တွင်းသို့သာ သက်ဆင်းခဲ့ပါလော့" ဟု လျှောက်ကြားလေ၏။

ထို တောထွက်ရဟန်းကြီးသည်လည်း လျှောက်ပတ်သော တရားအကျင့်ကို ကျင့်သုံးရသဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော ကာမရာဂနှိုသော အနာဂါမ် ပုဂ္ဂိုလ်ဖြစ်ရကား လူဝတ်လဲရန် ငြင်းဆန်ကာသာ နေလေ၏။ ခင်ပွန်းဟောင်းသည် "ဤသို့ ဖျောင်းဖျပြောဆိုနေရုံမျှဖြင့် ရတော့မည်မဟုတ်" ဟု ကြံဆလျက် ရဟန်းကြီး၏ သင်္ကန်းကို ထ၍ဆွဲငင်ကာ "အရှင်ဘုရား လူဝတ်လဲတော်မူပါလော့" ဟု ဆိုလေ၏။

ရဟန်းကြီးသည် လူဝတ်မလဲလိုရကား နောက်ဆုတ်နောက်ဆုတ်နှင့် ရုံးကန်လေရာ အိုမင်းပြီဖြစ်၍ အားအင်နည်းပါးသောကြောင့် ပက်လက်လဲကျရှာလေ၏။ ထိုအခါ ခင်ပွန်းဟောင်းသည် "ဤအမှုကို ပြုသည်ရှိသော် ပါရာဇိကကျအံ့၊ ပါရာဇိကကျခဲ့သော် မည်သည့်နည်းနှင့်မျှ သာသနာ့ဘောင်၌ မနေနိုင်တော့ပြီ လူဝတ်လဲရအံ့" ဟု ကြံလျက် မေထုနသံဝါသအမှုကို ပြောင်းပြန်ပြုကျင့်လေ၏။

ရဟန်းကြီးသည် ဘုရားရှင်ထံ အမြန်ပြေးသွား၍ အကြောင်းစုံ လျှောက်ကြားလေသော် "ချစ်သားရဟန်း၊ သင်သည် သာယာမှုရှိခဲ့ပါသလော" ဟု မေးတော်မူ၏။ "ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ တပည့်တော်သည် သာယာမှုမရှိပါဘုရား" ဟု လျှောက်ကြားလေလျှင် "အနာပတ္တိ ဘိက္ခု၊ အသာဒိယန္တဿ-ချစ်သားရဟန်း

မသာယာသောသူအား အာပတ်မသင့်” ဟု မိန့်တော်မူ၏။

ဤသာဓကကို ထောက်ဆ၍ ရဟန္တာမဖြစ်သေးသော အနာဂါမ်ပုဂ္ဂိုလ်သည်ပင်လျှင် သာယာမှု မရှိတော့ပြီဟု သိရပေမည်။

ရှစ်ပါးလောကဓမ် တွေ့ကြုံပြန်သော်

နောက်တနည်းအားဖြင့် “ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ” ဟု ဟောတော်မူခဲ့သည့်အတိုင်း ရဟန္တာပုဂ္ဂိုလ်များသည် လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော်လည်း တုန်လှုပ်ချောက်ချားခြင်း မရှိကြချေ။ ထို့ကြောင့် ယခုခေတ် ဖြစ်ပေါ်နေသော ရဟန္တာအမည်ခံ ပုဂ္ဂိုလ်များကို ပုဂ္ဂလဓိဋ္ဌာန်ဖြင့် မကြည့်ပဲ ဓမ္မဓိဋ္ဌာန်နည်းဖြင့် စိစစ် အကဲခတ်ဘတ်ကြစေလိုပေသည်။

၁။ လာဘော-လာဘ်အပူဇော် သက္ကာရများသော အခါ ဘဝင်မြင့်မှု, မာနရှိမှု, ရသမျှ သော လာဘ် လာဘတို့၌ နှမြောတွန့်တိုမှု ရှိမရှိ အကဲခတ်ရမည်။

၂။ အလာဘော-လာဘ်အပူဇော် သက္ကာရ နည်းပါး ယုတ်လျော့သွားသော အခါ စိတ်မချမ်းသာမှု, သောကဖြစ်မှု, ဒေါသဖြစ်မှု, မျက်စိမျက်နှာပျက် ၍ ညှိုးနွမ်းမှု ရှိမရှိ အကဲခတ်ရမည်။

၃။ ယသော-တပည့်ဒါယကာ ဒါယိကာမ အခြံအရံ ပရိသတ်ပေါများသောအခါ ဘဝင်မြင့်မှု, မာန်မာန တက်ကြွမှုတို့ ရှိမရှိ အကဲခတ်ရမည်။

၄။ အယသော-တပည့်ဒါယကာ ဒါယိကာမ အခြံအရံ ပရိသတ်ယုတ်လျော့သောအခါ စိတ်မချမ်းသာမှု, သောကဖြစ်မှု, မျက်စိမျက်နှာပျက်၍ ညှိုးနွမ်းမှု ရှိမရှိ အကဲခတ်ရမည်။

၅။ နိန္ဒံ-သူတပါးတို့က ကဲ့ရဲ့ပြစ်တင် ပြောဆိုသောအခါ ဒေါသဖြစ်မှု၊ မျက်စိမျက်နှာပျက်မှု ရှိ မရှိကို အကဲခတ်ရမည်။

၆။ ပသန္သံ-သူတပါးတို့က ချီးမွမ်းပြောဆိုသောအခါ ဘဝင်မြင့်မှု၊ မာန်မာန တက်ကြွမှု ရှိ မရှိကို အကဲခတ်ရမည်။

၇။ သုခံ-ချမ်းချမ်း သာသာ နေထိုင် စားသောက်ရသောအခါ ဘဝင်မြင့်မှု၊ မာန်မာန တက်ကြွမှု ရှိ မရှိကို အကဲခတ်ရမည်။

၈။ ဒုက္ခံ-ဆင်းဆင်းရဲရဲ နေထိုင် စားသောက်ရသောအခါ ဒေါသဖြစ်မှု၊ မျက်စိ မျက်နှာပျက်၍ ညှိုးနွမ်းမှု ရှိ မရှိ အကဲခတ်ရမည်။

ဤသို့သော လောကဓံရှစ်ပါးတို့နှင့် တွေ့ကြုံခဲ့သော် အရပ်ရှစ်မျက်နှာမှ တိုက်ခတ်လာသော မုန်တိုင်းဒဏ်ကြောင့် ကျောက်တောင် ကျောက်သားများ တုန်လှုပ်မှု မရှိသကဲ့သို့ ရဟန္တာမှန်လျှင် တုန်လှုပ်မှုမရှိတော့ချေ။ သို့မဟုတ်ပဲ တုန်လှုပ်မှုရှိခဲ့လျှင် ရဟန္တာမဟုတ်ဟု ဆုံးဖြတ်သိမြင်ကြရသတည်း။

ဤသည်လျှင် "ရဟန္တာ ဟုတ်သည် မဟုတ်သည်တို့ကို မည်ကဲ့သို့ သိရပါမည်နည်း" ဟူသော အမေးပုစ္ဆာနှင့် စပ်လျဉ်း၍ ဖြေဆိုအပ်သော ဝိသဇ္ဇနာ စကားတရပ် အပြီးသတ်သတည်း။

# နိဂမန ကထာ

၁။ မေဒ်လိုက်ခရိုင်တွင်၊ မြို့ဖောင်းပြင်၊ နယ်ဝင် ထက်ချင်းတွင်း။

၂။ သရောင်း နာမ၊ ရွာဂါမ၊ ဌာနဇာတိရင်း။

၃။ လယ်တီကေလာ၊ ဘွဲ့တော်သာ၊ သညာထင် အလင်း။

၄။ ပဝတ္တိမှာ၊ မြို့မုံရွာ၊ မဟာလယ်တီတွင်း။

၅။ နေဆဲခိုက်မှာ၊ ဤကျမ်းစာ၊ မှန်စွာ ရေးသည် မင်း။

၆။ ကဲ့ရဲ့လိုက၊ နိဂ္ဂဟ၊ စိတ်ကမရှိမင်း။

၇။ မမ္မမိဠ္ဌာန်၊ စိတ်အကြံ၊ လမ်းမှန်ဖော်ပြသွင်း။

၈။ တထောင့် သုံးရာ၊ သုံးဆယ်သာ၊ သုံးဖြာ သက္ကရာဇ်တွင်း။

၉။ လဆန်း ကဆုန်၊ ကိုးရက်ကြုံ၊ နေ့တုံ ရွှေကျွဲမင်း။

၁၀။ နေ့စက်လှည့်လည်၊ ခြောက်နာရီ၊ ရောက်ပြီ ညနေခင်း။

၁၁။ ဤစာပြီးဆုံး၊ ကမ္ပတ်ဖုံး၊ နိဂုံးအောင်တပ်နင်း။

၁၂။ ဤစာပြုစု၊ မြတ်ကောင်းမှု၊ တောင်းဆုပန် ချွေရင်း။

၁၃။ နိဗ္ဗာန်ခေမာ၊ အေးရိပ်သာ၊ လျင်စွာရောက် စေမင်း။

၁၄။ နိဗ္ဗာန်ပြည်ခွင်၊ မရောက်ခင်၊ လူ့ခွင် နတ် ပြည်တွင်း။

၁၅။ ကွယ်ပသာသနာ၊ ထိုအခါ၊ နတ်ရွာဖြစ်စေမင်း။

၁၆။ ထွန်းလင်း သာသနာ၊ ထိုအခါ၊ လူ့ရွာ ဖြစ် စေမင်း။

၁၇။ ရဟန်းဖြစ်ခါ၊ ကျင့်သိက္ခာ၊ မှန်စွာကျင့်လိုမင်း။

၁၈။ အသက်သေလဲ၊ ကျင့်မလွဲ၊ တည်မြဲရစေမင်း။

၁၉။ ဦးချိကျိုးကျ၊ နွားတမျှ၊ မာနခွါလိုမင်း။

၂၀။ အစွယ်ကျိုးကျ၊ မြွေဘမျှ၊ ဒေါသကွာလိုမင်း။

၂၁။ ဤကုသလ၊ မြတ်ပုညာ၊ အမျှပေးဝေနှင်း။

၂၂။ နဒီသလ္လာ၊ မြစ်အညာ၊ သညာထင်အလင်း။

၂၃။ သရောင်းဂါမ၊ နေရှာကြ၊ မိဘညာဒဆွချင်း။

၂၄။ ကိုယ်စိတ်နှစ်ဖြာ၊ ကြည်ချမ်းသာ၊ ဘယာကင်းစေမင်း။

၂၅။ လူ့နတ်ပြဟ္မာ၊ သတ္တဝါ၊ ချမ်းသာကြစေမင်း။

၂၆။ ဘေးရန်အနိဋ္ဌ၊ ဟူသမျှ၊ ဝေးကခရှောင်စေမင်း။

၂၇။ ဤစာခနေဝန်း၊ ညာတောင်ကျွန်း၊ ရောင်ထွန်းရစ်ခစေမင်း။

အရဟန္တဝိသောဓနီ ခေါ် ရဟန္တာစစ်တမ်း
ပြီးပြီ။

# အလိမ္မာ စာမှာရှိသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဦးစီးဌာနမှ

မြန်မာပြန် အဘိဓမ္မာကျမ်းများကို ဖတ်ပါ!

၁။ ဓမ္မသင်္ဂဏီ မြန်မာပြန်
၂။ ဝိဘင်း မြန်မာပြန်
၃။ ဓာတုကထာနှင့် ပုဂ္ဂလပညတ် မြန်မာပြန်
၄။ ကထာဝတ္ထု မြန်မာပြန် (ပ–ဒု)
၅။ မာတိကာ ဓာတုကထာ အရကောက်
၆။ ယမိုက်အရကောက်
၇။ ပဋ္ဌာန်းအရကောက် (ပ–ဒု)
၈။ ဋီကာကျော် မြန်မာပြန်
၉။ အဘိဓမ္မတ္ထသရူပဒီပက (ပ—ဒု—တ)
၁၀။ ပရမတ္ထသရူပဘေဒနီ (ပ – ဒု)
၁၁။ အဘိဓမ္မတ္ထသရူပဒီပနီ
၁၂။ ပရမတ္ထသံခိပ်ဋီကာ (ပ – ဒု)
၁၃။ ပရမတ္ထသံခိပ်နှင့်အဖြေ
၁၄။ မြို့ပြင်ကြီး သင်္ဂြိုဟ်အဓိပ္ပါယ်ကောက်
၁၅။ မစိုးရိမ်မူလတန်း သင်္ဂြိုဟ်
၁၆။ သရုပ်ပြသင်္ဂြိုဟ်
၁၇။ အဘိဓမ္မာသမိုင်းချုပ်
၁၈။ အဘိဓမ္မာနေ့ အရေးတော်ပုံ
၁၉။ ပဋ္ဌာန်းသိပ္ပံ (ပ-ဒု-တ)
၂၀။ ပဋ္ဌာန်းလမ်းပြ